၁၃၉၂၅

မင်းဘူးမြို့
ဓာတ်တော်ကုန်း ရိပ်သာ၌ သီတင်းသုံးလျက်ရှိသော
စတုသစ္စ ဒဠှီကမ္မ ကထာ ကျမ်းပြု
ဘဒ္ဒန္တ ရေဝတ အမည်ရှိသော
သစ္စဒီပက ဆရာတော်သည်
စီရင်ရေးသားအပ်သော

# သောတာပတ္တိ မဂ္ဂကထာ

---

၃
က

ရန်ကုန်မြို့၊ သုဓမ္မဝတီစာပုံနှိပ်တိုက်။
၁၃၁၉-ခုနှစ်

T. 812

သောတာပန်တည်လိုသော ဥပါသကာ ဥပါသိကာတို့အား သစ္စာမြင်သို့
မှန်ဝ ဝန်မလေးစေဘဲ လျင်မြန်စွာ ဉာဏ်အမြင် ပေါက်ရောက်
နိုင်စေခြင်းငှါ မင်းဘူးမြို့ ခတ်တော်ကုန်း ရိပ်သာ၌
သီတင်းသုံးလျက်ရှိသော စတုသစ္စ ဒဋ္ဌိကမှ
ကထာ ကျမ်းပြု

**ဘဒ္ဒန္တရေဝတ အမည်ရှိသော**

**သစ္စဒီပက ဆရာတော်သည်**

စီရင်ရေးသားအပ်သော

# သောတာပတ္တိမဂ္ဂကထာ


ဤ စာအုပ်ကို ဓမ္မဒါန ပြုလိုသူများအား ပုံနှိပ် လှူဒါန်းရန်
ခွင့်ပြုပါသည်။
(မူပိုင် ရဲမိုးမြင့်)



ပဌမပုံနှိပ်ခြင်း စာအုပ်ရေ ၂၀၀၀

ရန်ကုန်မြို့၊ သုဓမ္မဝတီစာပုံနှိပ်တိုက်။
၁၃၁၉-ခုနှစ်

၈၁၂ (က)

# သောတာပတ္တိမဂ္ဂ ကထာ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | ရတနတ္တယ ပဏာမ ...... ...... | ၁ |
| ၂။ | အဘိယာစက နိဒါန်း ...... ...... | ၁ |
| ၃။ | သောတာပတ္တိမဂ္ဂ ကထာ ဟု အမည် ဝိသေသ ပြုပုံ ...... ...... ...... | ၂ |
| ၄။ | တရားအားထုတ်မှု၏ လိုရင်းနှင့် သစ္စာ သိပုံ ဂါထာနှင့် သုခဒုက္ခ ခြားနား၍သိပုံ | ၃ |
| ၅။ | ဗုဒ္ဓဝင်နိဒါန်း ...... ...... ...... | ၆ |
| ၆။ | မြတ်စွာဘုရား နိယတဗျာဒိတ် ရတော်မူပုံ | ၇ |
| ၇။ | မဟာကရုဏာတော်ဖြင့် အဓိဋ္ဌာန်ပြုပုံ ...... | ၈ |
| ၈။ | သစ္စာလေးပါး ဖြစ်ပေါ်လာပုံ ...... | ၁၀ |
| ၉။ | ဓမ္မစကြာတရား၏ ဂုဏ်ထူး ဝိသေသပြပုံ | ၁၀ |
| ၁၀။ | သာသနာတော်သုံးရပ် ထားတော်မူခဲ့သော အကြောင်းရင်း...... ...... ...... | ၁၁ |
| ၁၁။ | ပဋိဝေဓ သာသနာ၏ အဓိပ္ပါယ် အမေး အဖြေ ...... ...... ...... | ၁၃ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၂။ | သောတာပတ္တိ မဂ္ဂ ကထာအစ အမေး အဖြေ ...... ...... ...... | ၁၆ |
| ၁၃။ | ခန္ဓာကိုရှုက အနိစ္စစသော လက္ခဏာ ထင်ပုံ ...... ...... ...... | ၂၁ |
| ၁၄။ | အတ္တဒိဋ္ဌိပယ်ရန် နာမ်နှင့်ရုပ် ခွဲခြားနည်း | ၂၂ |
| ၁၅။ | သက္ကာယခွါပုံ ကိုယ်တွေ့ရှုနည်း ...... | ၂၄ |
| ၁၆။ | နာမ်နှင့် ရုပ်မှတပါး ပုဂ္ဂိုလ် သတ္တဝါ မရှိပုံ | ၃၀ |
| ၁၇။ | ဒုက္ခသစ္စာ အမေးအဖြေ ...... ...... | ၃၂ |
| ၁၈။ | သမုဒယသစ္စာ အမေးအဖြေ ...... | ၃၄ |
| ၁၉။ | နိရောဓသစ္စာ အမေးအဖြေ...... ...... | ၃၆ |
| ၂၀။ | မဂ္ဂသစ္စာ အမေးအဖြေနှင့် သမ္မာဒိဋ္ဌိ ၅-မျိုး ပြပုံ ...... ...... ...... ...... | ၃၉ |
| ၂၁။ | ပြဆိုခဲ့ပြီးသော သစ္စာလေးပါးကို အကျဉ်း အားဖြင့် အမျိုးမျိုး ဆင်ခြင်နည်း ...... | ၄၂ |
| ၂၂။ | သစ္စာကို သုတအားဖြင့်သိပြီးနောက် မဂ်သို့ တက်ပုံ နည်းအမျိုးမျိုး ပြပုံ ...... | ၄၃ |
| ၂၃။ | သောတာပန်တည်လျှင် တည်ပြီဟုသိနိုင်ပုံ | ၄၆ |
| ၂၄။ | သောတာပန်တို့ ရအပ်သော အကျိုးများ | ၄၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၅။ | သောတာပတ္တိမဂ်၌ ပယ်သောတရား ...... | ၄၉ |
| ၂၆။ | သောတာပန် ၃-မျိုး အဓိပ္ပါယ် ...... | ၅၄ |
| ၂၇။ | သောတာပတ္တိမဂ် ပုဂ္ဂိုလ်တို့၏ကျွတ်လွတ်ပြီးဒုက္ခနှင့်ကျန်သော ဝဋ် ဒုက္ခတို့ကိုဥပမာဖြင့် ပြပုံ ...... ...... ...... | ၅၅ |
| ၂၈။ | ပုထုဇဉ် ခန္ဓာ၌ အားထားစရာ မရှိပုံ ...... | ၅၆ |
| ၂၉။ | ဘဝတိုင်း ဘဝတိုင်း ကောင်းမှု မပြုနိုင်ပုံ | ၅၇ |
| ၃၀။ | ဒုစရိုက်ဆယ်ပါး အစဖြစ်ပေါ် ပုံခေတ် ...... | ၅၈ |
| ၃၁။ | ဘဝဂတိ မမြဲမှုကို ညောင်ပင်သာ ဆရာတော် ပြဆိုသော သံဝေဂလင်္ကာ ...... | ၅၉ |
| ၃၂။ | သံသရာ၌ ဒုက္ခအမျိုးမျိုး တွေ့ရသဖြင့် သံဝေဂ ယူပုံ ...... ...... ...... | ၆၂ |
| ၃၃။ | လောက အရှုပ်အထွေးကို သစ္စာ ၄-ပါး စကား ၂-ခွန်းဖြင့် မြတ်စွာဘုရား ဆုံးဖြတ်တော်မူပုံ ...... ...... ...... | ၆၃ |
| ၃၄။ | တဏှာမှ နိဗ္ဗာန်သို့ ထွက်ပုံ အဓိပ္ပါယ် ...... | ၆၄ |
| ၃၅။ | သံသရာမှ မလွတ်နိုင်အောင် ဖွဲ့ချည်ထားသော လက်သယ်ကို ပြပုံ...... ...... | ၆၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၃၆။ | ဘုရားစသောသူတော်ကောင်းတို့ သံသရာမှ နိဗ္ဗာန်သို့ထွက်ပုံ ...... ...... | ၆၆ |
| ၃၇။ | သစ္စာသိလျှင် အဝိဇ္ဇာ တဏှာမူလ ၂-ပါး ချုပ်သဖြင့် တဘန် အသစ်ဖြစ်ခြင်း မရှိသော အနုပ္ပါဒ နိရောဓ နိဗ္ဗာန်ရမှု အနွှော ဂတ ဖြစ်ပုံ ...... ...... ...... | ၆၇ |
| ၃၈။ | နိဗ္ဗာန်နှင့် တွေ့ထိသူ သိသူမည်ပုံ ...... | ၆၈ |
| ၃၉။ | သကဒါဂါမိစသော မဂ်များ တက်လိုက ဝိပဿနာ ပွားနည်း အမျိုးမျိုး ...... | ၆၈ |
| ၄၀။ | ရာဂနှင့် မာန ပယ်နည်း ...... ...... | ၇၀ |
| ၄၁။ | သုခနှင့်ဒုက္ခ ခွဲခြား၍မသိမှုကြောင့် ပုထုဇဉ် ဗြဟ္မာကြီးတို့ အပါယ်မှ မလွတ်နိုင်ပုံနှင့် ဒုက္ခသုခစင်ကြယ်စွာ မြင်သိနည်း ...... | ၇၂ |
| ၄၂။ | သဠာယတန သံယုတ်အရ ဝိပဿနာပွားပုံ | ၇၃ |
| ၄၃။ | ရဟန်းများသို့ မြတ်စွာဘုရား မှာကြားတော် မူခဲ့ပုံ ...... ...... ...... | ၇၆ |
| ၄၄။ | ပဟာန် ၅-ပါး ...... ...... ...... | ၇၈ |
| ၄၅။ | တချက်ခုတ် ၁၂-ချက်ပြတ်သော တရား | ၈၅ |
| ၄၆။ | ကျမ်းပြီး နိဂုံး ...... ...... ...... | ၈၇ |



စတုသစ္စဒဋ္ဌိကမ္မကထာကျမ်းနှင့် နိဗ္ဗာန သန္တိကရဏီယ ကျမ်းပြု

**အရှင် ဘဒ္ဒန္တ ရေဝတ အမည်ရှိသော သစ္စဒီပက**

**ဆရာတော်**

# သောတာပတ္တိမဂ္ဂကထာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရတနတ္တယံ အဟံ ဝန္ဒာမိ

ရတနတ္တယံ၊ ဘုရားရတနာ တရားရတနာ သံဃာရတနာဟူသော ရတနာမြတ် သုံးပါးအပေါင်းကို။ အဟံ၊ တပည့်တော် ဘဒ္ဒန္တ ရေဝတ အမည်ရှိသော သစ္စ ဒိပက မထေရ်သည်။ တိဟိဒွါရေဟိ၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရဟူသော ဒွါရသုံးပါးတို့ဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

---

## အဘိယာစက နိဒါန်း ကျမ်းအမည်
## ဥယျောဇဉ် သတိပေး နိဒါန်းများကား

ရန်ကုန်မြို့ ပြည်ထဲရေးနှင့် သာသနာရေး ဌာန အတွင်းဝန် သရေစည်သူ ဦးချမ်းသာ, မင်းကတော် ဒေါ်သစ်သစ်ဘို့က မင်္ဂလေးပါးတို့တွင် အစပဌမဖြစ်

သော သောတာပတ္တိမဂ်၌ လျင်စွာညာဏ်အမြင် ပေါက်ရောက်နိုင်ကြောင်း ကထာကို ရေးသား ချီးမြှင့်ပါမည့်အကြောင်း လျှောက်ထား တောင်းပန်ချက်အရ၊ နေရင်းမင်းပူးမြို့ ခတ်တော်ကုန်းတွင် သိတင်းသုံး၍ ယခုရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ် ၃၃-၌ သိတင်းသုံးလျက် ရှိသော ဘဒ္ဒန္တရေဝတ အမည်ရှိသော ပဋိဝေဓ သာသနာပြု သစ္စ ဒီပက ဆရာတော်သည် သံသရာဘေးကို ထိတ်လန့်သော ယောဂီပုဂ္ဂိုလ်တို့အား သစ္စာသိ၍၊ လျင်စွာဝဋ်မှ ထွက်မြောက်နိုင်ကြ စေရန် ရည်သန်ပြီးလျှင် လာဘသက္ကာရတို့ကို နစ်စေလျက် မြတ်စွာဘုရား အလိုတော်အရ မေတ္တာ ပုဗ္ဗင်္ဂမဖြင့် သောတာပတ္တိမဂ္ဂ ကထာကို ရေးသားရပေသတည်း။

ကျမ်း၏ အမည်တွင် မဂ္ဂ ကထာဟု ဆိုလျှင် မဂ်လေးပါးလုံး ကိစ္စ ပြီးသင့်ပါလျက် အဘယ်ကြောင့် သောတာပတ္တိမဂ္ဂ ကထာဟု အမည်ကို ဝိသေသ ပြုပါသနည်းဟူမူ။ သောတာပတ္တိ မဂ်ကိစ္စနှင့် အထက်မဂ် ၃-ပါးကိစ္စ မတူပုံကို ထင်စွာ ပြခြင်းငှါ၎င်း၊ သောတာပတ္တိမဂ်ရရန် ကိစ္စအတွက်မှာ သားမယား အိုးအိမ်စွန့်မှု ကမ္မဋ္ဌာန်းထိုင်မှု ခေါင်းပါးစွာ ကျင့်မှုတို့ကို မပြုနိုင်သော်လည်း ဓမ္မစကြာ တရားတော်အရ ဒုက္ခဟူသမျှဘို့သည် တဏှာ သမုဒယကြောင့် ဖြစ်၏။ ။ ထိုတဏှာကို မဂ်ဖြင့်ပယ်က ဇာတိစသော ဒုက္ခချုပ်၏ဟု သစ္စာကို သိသည်ဖြစ်၍ လိုချင်မှု ဘဝတဏှာကို ပယ်

သည်ဖြစ်အံ့၊ သောတာပတ္တိမဂ်သို့ ရောက်နိုင်၏ ဟု သိသည်ဖြစ်၍ ဤမှုလောကကိုမူကား ငါတို့စွမ်းနိုင်၏ဟု သိသည်ဖြစ်၍ ဥပါသကာ ဥပါသိကာမတို့မှာ စိတ်အား ထက်သန်စွာဖြင့် အားထုတ်လိုသောစိတ် ဖြစ်ကြစေရန် ရည်သန်ပြီးလျှင်၊ ဤကျမ်းကို သောတာပတ္တိမဂ္ဂ ကထာ ဟု ကျမ်းအမည်ကို ဝိသေသပြုပေသည် ဟူလို။

ကျမ်း၏အမည် နိဒါန်းပြီးပြီ။

---

တရားအားမထုတ်မှီ သစ္စာ့ဖွဲ့ထိုက်သော ဒုက္ခအစစ် နှင့် သစ္စာ့ဖွဲ့ထိုက်သော သုခအစစ်တို့ကို ပိုင်းခြားတတ် သော ဉာဏ်အမြင်ရှိအပ်၏။

## ဉာဏ်အမြင် ရှိပုံ

ဒုက္ခာ သင်္ခါရာ သုခေါ နိရောဓောတိ။ (ပဋိသမ္ဘိဒါမဂ်)

သင်္ခါရာ၊ ဥပါဒ် ဌီ ဘင်ဖြင့် ဖြစ်ခြင်း ပျက်ခြင်းရှိသော ရုပ်နာမ် ခန္ဓာ သင်္ခါရ တရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲ ဒုက္ခတို့ သာတည်း။ နိရောဓော၊ ထိုသင်္ခါရ တရားတို့၏ တဖန်မဖြစ်မူ၍ အနုပ္ပါဒ နိရောဓအားဖြင့် ချုပ်ငြိမ်း ခြင်းသည်။ သုခေါ၊ ချမ်းသာအစစ်တည်း။ ဣတိ၊ ဤသို့ သစ္စာ့ဖွဲ့ထိုက်သော ဒုက္ခနှင့် သုခကို ခွဲခြား မှတ်သား အပ်၏။ ဤဒုက္ခ သုခနှင့် ခွဲခြား၍ သိမြင် ခြင်းငှါ မြဲမြံစေရန်၊ ထိုဒုက္ခာ သင်္ခါရာ သုခေါ နိရောဓော ကိုပင် ပုတီးစိပ် အပ်၏။ ဝါ-ပွားများဆင်ခြင်အပ်၏။

ထို့ပြင် တဆင့်ထက် တဆင့် ဒုက္ခမှ လွတ်ပုံ တဆင့်ထက် တဆင့် ချမ်းသာပုံကို အကြောင်းပြု၍ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟုလောကအလို့ငှါ ဟောတော်မူ၏။

## ဟောတော်မူပုံ အဓိပ္ပါယ်

အပါယ် ၄-ဘုံထက် လူ့ဘုံ လူ့ဘဝက ချမ်းသာ၏။ လူ့ဘဝထက် နတ်ဘဝက ချမ်းသာ၏။နတ်ဘဝမှာလည်း စတုမဟာရာဇ်နတ်ထက် တာဝတိံသာနတ် ချမ်းသာ၏။ တာဝတိံသာထက် ယာမာ၊ ယာမာထက် တုသိတာ၊ တုသိတာထက် နိမ္မာနရတိ၊ နိမ္မာနရတိထက် ပရနိမ္မိတဝသဝတ္တီ၊ ဝသဝတ္တီထက် ပဌမဈာန်၊ ပဌမဈာန်ထက် ဒုတိယဈာန်၊ ဒုတိယဈာန်ထက် တတိယဈာန်၊ တတိယဈာန်ထက် စတုတ္ထဈာန်၊ စတုတ္ထဈာန်ထက် ပဥ္စမဈာန်၊ ပဥ္စမဈာန်ထက် သောတာပန်၊သောတာပန်ထက် သကဒါဂါမ်၊ သကဒါဂါမ်ထက် အနာဂါမ်၊ အနာဂါမ်ထက် ရဟန္တာ၊ရဟန္တာထက် နိဗ္ဗာန်၊ ဤသို့ အဆင့်ဆင့်အားဖြင့် ချမ်းသာ၏။ ဤချမ်းသာမှုတို့တွင် ဖြစ်ခြင်း ပျက်ခြင်း မရှိသော အသင်္ခတ အနုပ္ပါဒ နိဗ္ဗာန်သည် သစ္စာ့ဖွဲ့ ထိုက်သော ချမ်းသာအစစ် မည်၏ ဟူလို။

သုခ ဒုက္ခ ခွဲခြားသိမြင်ပုံ ဒုက္ခနှင့်သုခကိုတွဲ၍
ယမက အပုံ ရှိပုံများ ပြီးပြီ။

တရားအားထုတ်မှု၏ လိုရင်းကား သစ္စာသိအောင် အားထုတ်မှုပင်တည်း။ သစ္စာသိ၍ သောတာပန်စသည် တည်မှသာလျှင် အပါယ်ဘေး သံသရာဘေးတို့မှ ကင်းသောနိဗ္ဗာန် ရနိုင်ပေမည်။

သားမယား အိုးအိမ်စွန့်၍ ရသေ့ရဟန်း ပြုခြင်း၊ ခေါင်းပါးစွာ ကျင့်ခြင်းတို့ကို ပြုသော်လည်း အကယ်၍ သစ္စာမသိခဲ့လျှင် သံသရာရဟတ်ချား ဆုံလည်သော နွားကဲ့သို့ အိုမှုလည်းမဆုံး၊နာမှုလည်းမဆုံး၊ သေမှုလည်း မဆုံး၊ အပါယ်ကျမှုလည်း မဆုံးမှုတို့အတွက် အလွန် ကြောက်ဘွယ်ကောင်း၏။ ထို့ကြောင့် သစ္စာသိအောင် အားထုတ်သင့်ကြပေ၏ ဟူလို။

---

## ပရိယတ်အနေဖြင့် သစ္စာနှင့်စပ်သောဂါထာ

တဂါထာမျှဖြစ်သော်လည်း ကျက်မှတ်ထားအပ်၏။

(ကျက်မှတ်ရန် ဂါထာကား)

ယံကိဉ္စိဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကာ။
ဆန္ဒရာဂ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။

ယံကိဉ္စိ၊အလုံးစုံအမှတ်မရှိသော။ဒုက္ခံ၊ဆင်းရဲ ဟူသမျှသည်။ သမ္ဘောတိ၊ ဖြစ်၏။ တံသဗ္ဗံ၊ ထိုဖြစ်ခြင်းရှိသမျှ ဒုက္ခသည်။ ဆန္ဒရာဂမူလကာ၊ ဆန္ဒရာဂ တဏှာလျှင် အကြောင်းရင်း ရှိကုန်၏။ ဆန္ဒရာဂနိရောဓေန၊ ဘဝခန္ဓာ ဇာတိကို အလိုရှိသော ဆန္ဒရာဂကို သမ္မာဒိဋ္ဌိစသော

မဂ်အကျင့်ဖြင့် ချုပ်စေခြင်းကြောင့်။ သမ္ဗုဒ္ဓကုဲသသ၊ အလုံးစုံသော ဇာတိစသော ဒုက္ခ၏။ သမ္ဘဝေါ၊ ဖြစ်ခြင်း သည်။ နတ္ထိ၊ မရှိနိုင်တော့ပြီ။

ဤ ဂါထာအံရ အဘာန်ဘန် ဆင်ခြင်၍ သစ္စာသိက ဇာတိချုပ်သော အနုပ္ပါဒ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ ဟူလို။

သစ္စာ ၄-ပါး သိမြင်ပုံ တနည်း ပြဦးအံ့။

(ပဝတ္တိ-ပဝတ္တက-နိဝတ္တိ-နိဝတ္တက- ဝိသုဒ္ဓိမဂ်)

ပဝတ္တိ၊ ဇာတိဒုက္ခဖြစ်ခြင်း။ ပဝတ္တက၊ ခန္ဓာဇာတိကို ဖြစ်စေခြင်း။ နိဝတ္တိ၊ ခန္ဓာဇာတိ ချုပ်သော နိဗ္ဗာန်။ နိဝတ္တက၊ ခန္ဓာဇာတိကို မဂ်ဖြင့်ချုပ်စေခြင်း။ ။ဤ၌ ပဝတ္တိဟူသည် ဒုက္ခသစ္စာပင်တည်း။ ပဝတ္တကဟူသည် တဏှာ သမုဒယ သစ္စာပင်တည်း။ နိဝတ္တိဟူသည် ဇာတိ ချုပ်သော နိရောဓသစ္စာပင်တည်း။ နိဝတ္တကဟူသည် သမ္မာဒိဋ္ဌိစသော မဂ္ဂ သစ္စာပင်တည်း။

အဓိပ္ပါယ်ကား။ ။ဖြစ်ခြင်း, ဖြစ်စေခြင်း, ချုပ်ခြင်း, ချုပ်စေခြင်း။ တနည်း ဖြစ်ခြင်း, ဖြစ်ကြောင်း,ချုပ်ခြင်း, ချုပ်ကြောင်း သစ္စာ ၄-ပါးကို ဤသို့ အကျဉ်းအားဖြင့် မှတ်အပ်၏။

တရားအားထုတ်မှု၏ လိုရင်းအတွက် ပြပုံပြီးပြီ။

---

မြတ်စွာဘုရားအား ကြည်ညိုစိတ် ဖြစ်ပေါ်ကြစေရန် ဗုဒ္ဓဝင် နိဒါန်းကို ပြဦးအံ့။

## မြတ်စွာဘုရား နိယတဗျာဒိတ် ရတော်မူပုံ

မြတ်စွာဘုရား အလောင်းတော် သုမေဓာ ရှင်ရသေ့ ဖြစ်စဉ်အခါက ချဉ်, ဆား ရှာမှီးရန် အလို့ငှါ ဈာန်ဖြင့် ကောင်းကင်ခရီးမှ လှည့်လည်လာရာ၊ ရမ္မဝတီပြည်ပေါ် သို့ ရောက်သည့်အခါ၊ ရမ္မဝတီပြည်သူတို့ လှုပ်လှုပ်ရွရွ ပြုလုပ်နေကြသည်ကို မြင်သောကြောင့် ဘယ်သို့သော အကြောင်းထူးရှိလေသနည်းဟုစုံစမ်းခြင်းငှါကောင်းကင် မှသက်၍ လူအများကို မေးမြန်းသည့်အခါ နက်ဖန်နံနက် တွင် သံဃာတော် ကိုးသိန်းနှင့်တကွ ဒီပင်္ကရာမြတ်စွာ ဘုရားဆွမ်းခံကြွမည် ဖြစ်သောကြောင့် လမ်းပန်း ပြင်ဆင် ခြင်း ဆွမ်းစသော လှူဘွယ်ဝတ္ထုတို့ကို ပြင်ဆင်ခြင်းတို့ကို ပြု၍နေကြောင်း ပြောကြ၏။ ထိုအခါ သုမေဓာ ရှင်ရသေ့ က ငါ့အားလည်း လမ်းမြေ ပြင်ဆင်ရန် တာ-တတာ ပေးပါဟု တောင်းသောအခါ ရမ္မဝတီ ပြည်သူတို့က ရွံ့ ညွန်များသောနေရာ တာ-တတာကို ပေးကြ၏။ပေးသည့် အတိုင်း ဝမ်းမြောက်ဝမ်းသာ မအိပ်မနေ တည့်လုံး မြေဖို့ရာ နံနက် မြတ်စွာဘုရား ကြွလာသော်လည်း အနည်းငယ် ကျန်ရှိနေသဖြင့် တပည့်တော် ကျောပေါ်မှ နင်း၍ ကြွတော်မူပါဟု ဝမ်းလျားမှောက်ခါ ကိုယ်ကို တံတားခင်း၍ ရှိခိုးလျောက်ထား လေသတည်း။

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားက ရပ်တန့်တော် မူပြီးလျှင် နိယတဗျာဒိတ် ကြားတော်မူလေသည်။

## ဗျာဒိတ် ပေးတော်မူပုံ

ပဿထ ဣမံ တာပသံ၊
ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျေ ဣတော ကပ္ပေ၊
ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

ဇဋိလံ၊ ဆံကျစ်လည်း ထုံးထသော။ ဥဂ္ဂတာပနံ၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိထသော။ ဣမံတာပသံ၊ ဤ သုမေဓာ ရှင်ရသေ့ကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ပဿထ၊ ရှုကြကုန်လော့။ ဣတောကပ္ပေ၊ ဤကပ်မှ။ အပရိမေယျေ၊ အတိုင်းမသိသော လေးသင်္ချေနှင့် ကမ္ဘာ တသိန်းထက်၌။ လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဗျာဒိတ် ရတော်မူပုံ ပြီးပြီ။

---

ဗျာဒိတ် ရပြီးနောက် မဟာကရုဏာ ဆန္ဒတော် အားလျော်စွာ အဓိဋ္ဌာန် ပြုတော်မူပြန်၏။

## ပြုတော်မူပုံ

ကိံ မေ ဧကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊
သန္တာရေဿံ သဒေဝကံ။

ထာမဒဿိနာ၊ အားအစွမ်းကို မြင်နိုင်သော။ ပုရိသေန၊ ယောကျ်ားမြတ်ဖြစ်ပါလျက်။ ဧကေန၊ တယောက်

အထိးတည်း။ တိဏ္ဏန္န၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ကူးသဖြင့်။ မေ၊ ငါအား။ ကိံ၊ အဘယ်အကျိုး များအံ့နည်း။ အဟံ၊ ငါသည်။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သဒေဝကံ၊ နတ်နှင့်တကွသော လူအပေါင်းကို။ သန္တာရေဿံ၊ သံသရာမှ ထုတ်ဆောင်ကယ်တင် ရပေတော့အံ့။

အဓိပ္ပါယ်ကား။ ။ဒီပင်္ကရာ မြတ်စွာဘုရား သာသနာတော်မှာ သာဝကဆုနှင့် နိဗ္ဗာန်ကိုယူလျှင် ရနိုင်၏။ ထိုသို့ပင် ရနိုင်ခွင့် ရှိသော်လည်း သတ္တဝါများကို သနားသော မဟာကရုဏာတော်ကြောင့် လက်ပေါ်သို့ ရောက်ပြီးသော နိဗ္ဗာန်ကို သော်လည်း စွန့်တော် မူပြီးလျှင် သတ္တဝါတို့အကျိုး၌ ကျင့်တော့အံ့ ဟုလို။ ထိုပြင်လည်း ၃-ဌာန ဓိဋ္ဌာန်တော် မူသေး၏။

ဗုဒ္ဓေါ......ဗောဓေယျံ၊
မုတ္တော......မောစေယျံ၊
တိဏ္ဏော......တာရေယျံ၊

ဟူ၍ ဓိဋ္ဌာန်တော်မူ၏။

၁။ ငါသည် ဘုရားဖြစ်၍ သစ္စာကို သိသည်ရှိသော် ခပ်သိမ်းသော သတ္တဝါ တို့အား သစ္စာကို သိစေအံ့။

၂။ ငါသည် သံသရာမှ ကျွတ်လွတ်သည် ရှိသော် ခပ်သိမ်းသော သတ္တဝါတို့အား ကျွတ်လွတ် စေအံ့။

၃။ ငါသည် သံသရာ သမုဒ္ဒရာ တည်းဟူသော ဤမှာဘက်ကမ်းမှ နိဗ္ဗာန်ဟူသော ဟိုမှာဘက်ကမ်းသို့ ကူးမြောက်နိုင်သည် ရှိသော် ခပ်သိမ်းသော သတ္တဝါတို့အားလည်း ကူးမြောက်စေအံ့။

ဤသို့ မဟာကရုဏာတော်ဖြင့် ပြဋ္ဌာန်းတော် မူလေသတည်း။

## သစ္စာ ၄-ပါး ဖြစ်ပေါ် လာပုံ

ထို မဟာ ကရုဏာတော် ပြဋ္ဌာန်းတော် မူချက်အရ ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍ ဗောဓိပင်၌ သဗ္ဗညုတဉာဏ် ရပြီးနောက် မည်သူ့ကိုမျှ သစ္စာတရား မဟောသေးဘဲ ပဥ္စဝဂ္ဂီ ၅-ဦးတို့အား ဓမ္မစကြာ သစ္စာ ၄-ပါးတရားကို ဟောတော်မူရာ၊ ပဥ္စဝဂ္ဂီ ၅-ဦးနှင့်တကွ တဆဲ့ရှစ်ကုဋေသော နတ်ဗြဟ္မာတို့ သစ္စာကို ထိုးထွင်း မြင်သိ၍ ဓမ္မာဘိသမယ ဖြစ်ကြပေသတည်း။

## ဓမ္မစကြာ၏ ဂုဏ်ထူးကို ပြပုံ

ဤ ဓမ္မစကြာ တရားတော်သည် သစ္စာကို လျင်စွာ မြင်သိခြင်း၌ သွယ်ဝိုက်ခြင်း မရှိဘဲ တဲ့တဲ့ မတ်မတ် အကျဉ်းအားဖြင့် ဇာတိစသော ဒုက္ခတို့သည် တဏှာကြောင့် ဖြစ်၏။ သမ္မာဒိဋ္ဌိမဂ်ဖြင့် တဏှာကိုပယ်လျှင် ဇာတိ ဒုက္ခချုပ်၏ဟု သစ္စာ ၄-ပါးကို စကားနှစ်ခွန်းဖြင့် သိစေနိုင်သော တရားထူး တရားမြတ် ဖြစ်ပေသည်။

ထိုပြင် ထို တရားကို အထူး ကြည်ညိုကြ စေလို သည်မှာ မြတ်စွာဘုရားသည် သုတ်, ဝိနည်း, အဘိဓမ္မာ တရားများကို ဟောသည့် အခါမှာ ဖြစ်စေ၊ သုံးသပ် ဆင်ခြင်သည့် အခါမှာဖြစ်စေ၊ ဤဓမ္မစကြာတရားကို ဟောတော်မူသော အခါကဲ့သို့ အထက်ကို ဘဝဂ်ထိ ပဲ့တင်ထပ်မျှ ကောင်းချီးပေးကြသော နတ်ဗြဟ္မာတို့၏ ကြွေးကြော်သံနှင့်တကွ တသောင်းသော လောကဓာတ်ကို တုန်လှုပ်စေနိုင်သော တရားမရှိပေ။ နတ်ဗြဟ္မာများ အလွန် နှစ်သက်၍ အလွန် တန်ခိုးကြီး၏ အလွန်ကျေးဇူး များ၏။ ထို့ကြောင့် ထိုဓမ္မစကြာကို အထူး အရှိအသေ ပြု၍ ဓိဓိတ္တိသည် သစ္စာ သိအောင်ပြု၍ သုတပါးကိုလည်း ဟောမှု–ပြောမှုတို့ကို ပြု၍ သစ္စာကို သိသော ပဋိဝေဓ သာသနာသို့ ရောက်အောင် အားထုတ်သင့်ကြပေသည်။

ဓမ္မစကြာ သစ္စာတရား၏ ဂုဏ်ထူး ပြပုံ ပြီးပြီ။

---

## မြတ်စွာဘုရားသာသနာ ထားတော်မူခဲ့ပုံ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါမှာ၊ နေ့စဉ် ဗုဒ္ဓ ကိစ္စငါးပါးကို ပြုတော်မူ၏။ ညဥ့်ကို ၆–ပုံ ပုံ တပုံမျှသာ ကျိန်းစက်တော်မူ၍ ဧကဂရိယာနုယောဂ ဖြင့် အလွန် နိုးကြား ခြင်းနှင့် ယှဉ်တော်မူ၏။ ၄၅–ဝါ ပတ်လုံး လူ နတ် ဗြဟ္မာများ ကယ်ချွတ်တော်မူရာ သင်္ချေ များစွာ ကျွတ်ကြ၏။ သို့ရာတွင် ကျွတ်ခွင့်ရှိသော သတ္တဝါ အချို့ ကျန်နေမှုကို သိတော်မူသဖြင့် ပရိယတ္တိ သာသနာ,

ပဋိပတ္တိ သာသနာ, ပဋိဝေဓ သာသနာ ဟူ၍ သာသနာ ၃-ရပ်ထားတော် မူခဲ့လေသည်။

ထို ၃-ရပ် အနက် ပရိဝေဓ သာသနာဟူသည် သစ္စာ ၄-ပါးကို သိအောင်ပြုမှု, သောတာပတ္တိမဂ် စသည်ကို ရအောင် အားထုတ်မှုပင် ဟူလို။ ထို ပဋိဝေဓ သာသနာ ကိစ္စပြီးစေရန်မှာ သာဝကတို့၏ တာဝန်ဖြစ်ပေသည်။

ထိုကြောင့် တပည့်သာဝက သံဃာတော် များသည်၊ ပဋိဝေဓ သာသနာ ဟူသော သစ္စာသိမှု ဒါယကာ ဝေနေယျတို့အားလည်း ဟောပြောရန် တာဝန် ဖြစ်သည့် အတိုင်း မြွစကြာ သစ္စာ ၄-ပါးကို ပြောဟောတော် မူသင့်ကြပေသည် ဟူလို။

သာသနာ ထားတော်မူခဲ့သော အကြောင်းကို
ပြပုံ ပြီးပြီ။

---

ယခုအခါ ပရိယတ် ပဋိပတ် အနေဖြင့် မြွစကြာ၊ အနတ္တလက္ခဏာ သုတ် စသည်ကို နှုတ်ရ ဆောင်၍ ရွတ် ဘတ် သရဇ္ဈာယ်မှု ပြုကြပေသော ပုဂ္ဂိုလ် အများအပြား ပင် ရှိကြသဖြင့် ဝမ်းမြောက်ရပေသည်။ သို့ရာတွင် သစ္စာ ကို သုတသိမှ ပဋိဝေဓ သိသို့ ရောက်အောင် ပဋိဝေဓ သာသနာပြုမှု,ဟောမှု,ပြောမှု, အားထုတ်မှု, နည်းပါးသ ဖြင့် တိမ်မြုပ်နေ၍၊ ထို တိမ်မြုပ်နေသည်ကို နေ-လ ကဲ့သို့ ထွန်းလင်းလာစေရန် ပြတော့အံ့။

## မိမိတို့သည် ပဋိဝေဓသောသနာ သစ္စာသိမှု၌ တည်သည် မတည်သည် သိနိုင်ခြင်း၌ါ အမေးအဖြေနှင့် ပြဋ္ဌာန်းခံ

မေး။ ။သင်သည် သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်း ရှိသေး သလော။

ဖြေ။ ။သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်းမရှိတော့ပါ။

မေး။ ။အဘယ်သို့သော အခြင်းအရာ အားဖြင့် ယုံမှားခြင်း ကင်းပါသလဲ။

ဖြေ။ ။ယခု ရရှိနေသော ခန္ဓာ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အစိုးမရ အလိုမလိုက်မှု အနတ္တ၊ ဇရာ ဗျာဓိ မရဏ စသော ဒုက္ခ တို့နှင့် ကိုယ်တိုင်တွေ့ ကြုံနေရမှုတို့ကြောင့် ဤ ခန္ဓာ ၅-ပါးသည် ဒုက္ခ သစ္စာ သာတည်း ဟု ယုံကြည်ပါသည်။

(၁) လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာဟု လောကီ တရားအရ ဆိုကြသော်လည်း ပရမတ္ထ သစ္စာ အရမှာ ဒုက္ခ သစ္စာသာတည်းဟု ယုံကြည်ပါသည်။ သို့လော သို့လော ၂-ခွ မရှိပါ။

(၂) ထိုဒုက္ခတို့သည်လည်း မိမိ၏ ကာမတဏှာ ဘဝတဏှာ တို့ကြောင့်ဖြစ်၏။ သူတပါးတို့ကြောင့်ဖြစ်မှု မဟုတ်ဟု ယုံကြည်ပါသည်၊သို့လောသို့သော ၂-ခွမရှိပါ၊

အဘယ်ကြောင့် ယုံကြည်သနည်းဆိုသော် ယခု ပစ္စုပ္ပန် မှာပင်လျှင် တဏှာ သံယောဇဉ် ကြောင့် သားရေး သမီး ရေး နေရေး ထိုင်ရေး စားရေး သောက်ရေး စီးပွားရေး စသော ဒုက္ခတို့နှင့် ကိုယ်တိုင် တွေ့ကြုံနေရ သဖြင့် မိမိ တဏှာကြောင့် မိမိဒုက္ခဖြစ်မှုနှဲ့ ၂-ခွ မရှိတော့ပါ။

(၃) ထိုပြင်မိမိသည်ပင်လျှင် ဘယ်ဘုံ ဘယ်ဘဝကိုမှ အလိုမရှိတော့ပါဟု ဇာတိကို ဖြစ်စေတတ်သော တဏှာ ကို ပယ်သောကြောင့် ဒုက္ခ နိရောဓ နိဗ္ဗာန်ကို ရရှိပြီဟု ယုံကြည်ပါသည်။ ထိုလိုချင်မှုတဏှာကို ပယ်သော်လည်း ဖြစ်မှု ချုပ်ငြိမ်းသော အနုပ္ပါဒ နိဗ္ဗာန်ကို ရမှ ရပါ မည်လော ဟု ယုံမှားမှု မရှိပါ။ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီဟု ယုံကြည်ပါသည်။

(၄) ထိုပြင် ထိုဒုက္ခ, သမုဒယ, နိရောဓ သစ္စာ ၃-ပါး တို့နှဲ့ မြင်သိမှု ဆုံးဖြတ်မှုတို့သည် မှန်မှ မှန်ပါ့ မလား ဟု ၂-ခွ မရှိတော့ပါ။ အဘယ်ကြောင့် ဆိုသော် ထိုသို့ ဆုံးဖြတ်မှုကြောင့် ပင်လျှင် မိမိ၌ ဗြဲ့ ဝိစိကိစ္ဆာ ကိလေသာ ချုပ်ငြိမ်းမှုကို ကိုယ်တွေ့မြင်သိသည်၏ အဖြစ် ကြောင့်တည်း။

ဤသို့ သစ္စာလေးပါး တို့နှဲ့ ယုံမှား ကင်းပြီးလျှင် ဘဝ တဏှာကိုလည်း ပယ်ပြီး ဖြစ်သောကြောင့် သောတာပန် တည်ပြီ နိဗ္ဗာန်ရပြီဟု ဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ်တို့ တနေ့ တခြား တိုးတက်ပြန့်ပွားလာမှသာလျှင် သစ္စာသိမှု ပဋိ

ဝေဝ သာသနာ ထွန်းလင်း တောက်ပပေပြီဟု ဆိုအံ့ပ ပေသည်။

ပဋိဝေဝ သာသနာ၏ အဓိပ္ပါယ် ပြဆိုပုံ ပြီးပြီ။

---

## သစ္စာသိလိုက မွေးကြာ သစ္စာ ၄-ပါးကို ကျက်ပါဟု သတိပေးပုံ

မေး-ဖြေ။ ။သင်သည် သစ္စာကို သိလိုသလား၊ သိလိုပါသည်။သိလိုလျှင် မွေးကြာ သစ္စာ ၄-ပါးကို ရအောင်ကျက်ပါ။ မသိသော အနက် အဓိပ္ပါယ်များကို သိသော ပညာရှိထံမေးမြန်း၍ အဘန်ဘန် ဆင်ခြင်ပါလျှင် သစ္စာ ၄-ပါးကို သုတသိမှ ကိုယ်တွေ့ သိသို့ရောက်၍ သောတာပန် တည်နိုင်ပေမည်။ ထို့ကြောင့် သစ္စာကို သိလိုလျှင် သစ္စာ ၄-ပါး၌ သွယ်ဝိုက်ခြင်း မရှိဘဲ တဲ့တဲ့မတ် မတ် ဟောထားပြီး မွေးကြာ သစ္စာတရားကိုသာ အားထုတ်ပါ။ဤကဲ့သို့ အသင့်နှလုံးသွင်းဖြင့် အားထုတ်ခဲ့လျှင် ဆိကိုအလိုရှိသူသည် နှမ်းကို ဆုံမှာကြိတ်၍ ဆီရသကဲ့သို့၊ ထို့အတူ လိုရင်းကိစ္စ ပြီးစီး၍ ကြီးကျယ်သော အကျိုးကို ရနိုင်ပေမည် ဟူလို။

မိမိသိလိုမှုကား သစ္စားလေးပါးတည်း။ အားထုတ်မှုမှာ မွေးကြာ သစ္စာ ၄-ပါးကို မကျက်မမှတ်ဘဲ တခြား

ထွေထွေ ရာရာ တွေကို အကယ်၍ အားထုတ် နေသည့် ဖြစ်အံ့၊ ထိုသူမှာ လိုရင်းကိစ္စ မပြီး ခရီးမရောက် ရှိတတ် လေသည်။ ဥပမာ ကျောက်ခဲ သလဲကို ဆုံမှာ ကြိတ်က ဆီမရသကဲ့သို့၊ ထိုအတူ လိုရင်းကိစ္စ မပြီး ခရီးမရောက် ရှိတတ်ပေသည် ဟူလို။

သောတာပတ္တိမဂ္ဂ ကထာကို မရေးမှီ နှလုံးသွင်းရန်လို အပ်သော အချက်များကို ညွှန်ပြသော ဥယျောဇဉ်များ ဤတွင် ပြီး၏။

---

## သောတာ ပတ္တိမဂ္ဂ ကထာကို ရေးသားပေတော့အံ့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**မေး-ဖြေ။** ။သင်သည် သောတာပန် တည်လိုသလား။ တည်လိုပါသည်။ သောတာပန် တည်လိုလျှင် သင်္ဂြာ ၄-ပါးကို သိအောင်လုပ်ပါ၊ လူဖြစ်ခဲ့လျှင် လူသောတာပန်တို့ ကျင့်အပ်သော ၅-ပါးသီလကို လုံအောင် ထိန်းရမည်။ ထိုပြင် ကာယကံ ၃-ပါး ဝစီကံ ၄-ပါးတို့မှ ကြည်၍ ရသော ပစ္စည်းဖြင့် သမ္မာ အာဇီဝဖြစ်အောင် အသက် မွေးရမည်။ အတ္တ အယူကိုလည်း စွန့်ရမည်။ သောတာပန်တို့ ပယ်အပ်သော တရားကို အကျဉ်းအားဖြင့် မှတ်ရန်မှာ၊ ဒုစရိုက်ဆယ်ပါးတို့တွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း ကာမေသုမိစ္ဆာစာရ ကျင့်ခြင်း၊

မှသားပြောခြင်း၊ အတ္တအယူကိုယူခြင်း၊ ဤငါးပါး ကိုပယ်ရမည်။

မေး။ ။အတ္တ အယူကို စွန့်လိုပါသည်၊ အဘယ်ကဲ့သို့ အားထုတ်ရပါမည်နည်း။

ဖြေ။ ။ရုပ် နေတံ မမ, နေသော ဟ-မသ္မိ, န မေ သော အတ္တာ။

ဝေဒနာ နေတံ မမ, နေသော ဟ-မသ္မိ, န မေ သော အတ္တာ။

သညာ နေတံ မမ,နေသော ဟ-မသ္မိ, န မေသော အတ္တာ။

သင်္ခါရာ နေတံ မမ, နေသော ဟ-မသ္မိ, န မေ သော အတ္တာ။

ဝိညာဏံ နေတံ မမ,နေသော ဟ-မသ္မိ, န မေ သော အတ္တာ။

## ခန္ဓာ ၅-ပါး၌ ဤသို့ရှုပါ

ဧတံ ရူပံ၊ ဤဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ မျက်စိ နား နှာ အင်္ဂါ ခြေလက် စသော ရုပ်သည်။ န မမ သန္တကံ၊ ငါ၏ဥစ္စာမဟုတ်။ ဧသော၊ ဤရုပ်သည်။ န ဟ မသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ မအိုမနာ မသေအောင် အစိုးရခြင်း အလိုသို့ လိုက်ခြင်းရှိသော အတ္တသည်။ န၊ မဟုတ်။

ဧတံ ဝေဒနာ၊ ဤ သုခ-ဒုက္ခ-ဥပေက္ခာ ဝေဒနာသည်။ တနည်း။ ဧတံ ဝေဒနာ၊ ဤအဆင်း၌ ခံစားသော ဝေဒနာ,

အသံ၌ ခံစားသော ဝေဒနာ, အနံ့၌ ခံစားသော ဝေဒနာ အရသာ၌ ခံစားသော ဝေဒနာ အတွေ့အထိ၌ ခံစားသော ဝေဒနာ,ဓမ္မာရုံကို အာရုံပြု၍ ဖြစ်သော မနောသမ္ဖဿဇာ ဝေဒနာတို့သည်။ နု မမ၊ ငါပိုင်-ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်။ ဇသော၊ဤဝေဒနာအပေါင်းသည်။ နု ဟ မသ္မိ၊ငါမဟုတ်။ ဇသော၊ ဤဝေဒနာအပေါင်းသည်။ တနည်း။ ဇသော၊ ဤ သုခ-ဒုက္ခ-ဥပေက္ခာ ဝေဒနာသည်။ မေ၊ ငါ၏။ အတ္တာ၊ အစိုးရခြင်း အလိုသို့လိုက် စေနိုင်ခြင်းရှိသောအတ္တသည်။ နု၊ မဟုတ်။ တနည်း။ ဒုက္ခဝေဒနာ မလာနှင့် မဖြစ်နှင့် သုခ ဝေဒနာသာ ဖြစ်စေသတည်း။ထို သုခဝေဒနာလည်း မပျက်ဘဲ မြဲစေသတည်း စသဖြင့်၊ အစိုးရသော အလိုသို့ လိုက်သော အတ္တသည်။ နု၊ မဟုတ်။ သညာ, သင်္ခါရ, ဝိညာဏ်တို့၌လည်း ဤနည်းတူ သိပါကုန်။

ထို ဝိပဿနာကို အကျဉ်းအားဖြင့် ပွားနည်းကား ခန္ဓာငါးပါးကို တပေါင်းတည်းပြု၍—

၁။ ဧတံ၊ ဤရုပ်–ဝေဒနာ– သညာ–သင်္ခါရ-ဝိညာဏ် ခန္ဓာ ၅-ပါးသည်။နု မမ၊ငါ၏ဥစ္စာမဟုတ်ဟုရှုလျှင်။အနိစ္စ လက္ခဏာ ထင်နိုင်ရကား ခင်တွယ်မှုတဏှာ ချုပ်ရ၏။

၂။ ဇသော၊ ဤခန္ဓာ ၅-ပါးသည်။ နုဟမသ္မိ၊ ငါ မဟုတ်ဟု ရှုလျှင် ဒုက္ခလက္ခဏာ ထင်သောကြောင့် မာန ချုပ်၏။

၃။ ဇသော၊ ဤခန္ဓာ ၅-ပါးသည်။ မေ၊ငါ၏။ အတ္တာ၊ အစိုးရခြင်း အလိုသို့လိုက်ခြင်း ရှိသော အတ္တသည်။ နု၊

မဟုတ်ဟုရှုလျှင် အနတ္တလက္ခဏာ ထင်နိုင်သောကြောင့် အတ္တဒိဋ္ဌိ ချုပ်၏။

အထက်ပါအတိုင်း ရှုပါလျှင် အတ္တဒိဋ္ဌိ ချုပ်ရုံမျှမက တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရား ၃-ပါးလုံး ချုပ်နိုင်ခွင့်ရှိ၏။ ထို့ကြောင့် ထိုဝိပဿနာသည် သောတာပတ္တိမဂ်မျှမက အထက်မဂ်များသို့ သော်လည်း ရနိုင်ခွင့်ရှိ၏။ ထို့ကြောင့် အထူးပွားများကြပါကုန်။

အကယ်၍ ခန္ဓာ ၅-ပါးကို တပေါင်းတည်း မရှုနိုင်ခဲ့သော်၊ ခန္ဓာ ၅-ပါးအနက် မိမိစိတ်၌ အလွန်ထင်ရှားသော ခန္ဓာတပါးပါးကိုရှု၍ လက္ခဏာ ထင်မြင်လျှင် ကျန်-ခန္ဓာတို့လည်း ဤနည်း အနိစ္စ ဒုက္ခ အနတ္တ တရားတို့သာတည်းဟု သိနိုင်၏ လိုရင်းကိစ္စ ပြီးနိုင်၏ ဟူလို။

ဥပမာ-သမုဒ္ဒရာ ရေတစက်ကို လျက်၍ ကြည့်သော အခါ ငန်သော အရသာရှိမှုကို သိသောယောက်ျားသည် သမုဒ္ဒရာ ရေအားလုံးလည်း ဤနည်း ငန်သောအရသာရှိ၏ဟု သိနိုင်သကဲ့သို့၊ထိုအတူ ရုပ်နာမ်တပါးပါး၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာထင်လျှင် ကျန်သော ရုပ်နာမ် ခန္ဓာတို့သည်လည်း ဤနည်းပင်ဟု သိသဖြင့် ခင်တွယ်မှု တဏှာ ချုပ်ရ၏ ဟူလို။

### အနတ္တ လက္ခဏာသုတ်အရ ဆက်၍ပြဦးအံ့

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ, ဝေဒနာယပိ နိဗ္ဗိန္ဒတိ, သညာယပိ

နိဗ္ဗိန္ဒတိ, သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ, ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ, ဝိရာဂါ ဝိမုစ္စတိ, ဝိမုတ္တသ္မိံ ဝိမုတ္တ မိတိ ဉာဏံ ဟောတီတိ။

ဘိက္ခဝေ၊ သံသရာဘေးကို ပြေး၍ပင် မကြည့်သော်လဲ ဓမ္မကိုယ်တွင် ပါကပဲဟု လိပ်ခဲတန်းလန်း ဟုတ်မှန်းတိတိ မြင်သိနိုင်ကြပေသော သူတော်ကောင်း အပေါင်းတို့။ ဧဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ ခန္ဓာ ၅-ပါး၌ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် မြင်သော။ သုတဝါ၊ သုတရှိသော။ အရိယသာဝကော၊ မြတ်စွာဘုရား တပည့်သည်။ ရူပသ္မိံပိ၊ ဆံပင်စသော မျက်စေ့ နား နှာ အင်္ဂါခြေလက် စသော ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝါ၊ မနှစ်သက်။ ဝေဒနာယပိ၊ ဝေဒနာ၌လည်း။ နိဗ္ဗိန္ဒ ငြီးငွေ့၏။ သညာယပိ၊ သညာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သင်္ခါရေသုပိ၊ သင်္ခါရက္ခန္ဓာတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏသ္မိံပိ၊ အာရုံကို သိတတ်သော ဝိညာဏ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧဝံ၊ ဤသို့။ နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သော။ အရိယသာဝကော၊ အရိယသာဝကသည်။ ဝိရဇ္ဇတိ၊ ခန္ဓာ သင်္ခါရတို့၌ တပ်ခြင်းကင်း၏။ ဝိရာဂံ-ဝိရာဂန္တော၊ တပ်ခြင်း ကင်းသောသူသည်။ ဝိမုစ္စတိ၊ ခန္ဓာ အာရုံ၌ ခင်တွယ်သော တဏှာမှ လွတ်၏။ ဝိမုတ္တသ္မိံ၊ လွတ်ပြီးသည်၌။ ဝိမုတ္တမိတိ၊ လွတ်ပြီဟူ၍။ ဉာဏံ၊ သိသော ပစ္စဝေက္ခဏာ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်မှာ ဝိရဇ္ဇတိကား မဂ် စိတ်ပင်တည်း။ ဝိမုစ္စတိကား ဖိုလ်စိတ်ပင်တည်း။ ဒိဋ္ဌိ ဝိစိကိစ္ဆာ စသော

ကိလေသာမှ လွတ်သည်ကို လွတ်ပြီဟု သိမှုကား ပစ္စဝေက္ခဏာ ညဏ်တည်း။ ဤသို့ ပစ္စဝေက္ခဏာနှင့် ပြည့်စုံလျှင် သောတာပန်မှုမက အထက် မဂ်များကို သော်လည်း ရောက်နိုင်၏ ဟုလို။

ရုပ်နာမ် ခန္ဓာတို့၌ ဝိပဿနာ ရှုပုံ ပြီးပြီ။

---

## ဝိပဿနာ ရှုသည့်အခါ လက္ခဏာ ထင်ပုံ

ခန္ဓာကို ရှုသည့်အခါ ဥပါဒ် ဌီ ဘင် ဇာတိ ဇရာ ဗျာဓိ မရဏ စသော အိုနာ သေမှုတို့ကို တွေ့မြင်လေတော့၏။

ဤ၌ ရုပ်နာမ် ခန္ဓာတို့ ပျက်စီးမှုကား မမြဲသောကြောင့် ဟု အနိစ္စ လက္ခဏာ ထင်ရှားလတ္တံ့။ ဥပမာ ''ထိုင်စ ကောင်းစွာ၊ နောက်မှာ ပူညောင်း၊ ထုံကျင်လောင်း၊ ရုပ်ဟောင်း အနိစ္စ'' ဟူသော ကထာအရ၊ ထိုင်စ အခါ ညောင်းညာခြင်း မရှိ သေးပေ။ အတော်ကြာတော့ ညောင်းလာ၏။ ဤ၌ ထိုင်စက–ရုပ် ပျက်သော အနိစ္စ ထင်ရှားလတ္တံ့။ ထိုညောင်းညာမှုကို မဖြစ်စေလိုသော် လည်း အစိုးမရ အလိုမလိုက် အနတ္တ ထင်ရှားလတ္တံ့။

တနည်း၊ အကြောင်းရှိနေလျှင် အကျိုးဖြစ်ရတော့၏။ အကြောင်းရှိသော်လည်း အကျိုးမဖြစ်ရဟု အစိုးမရ အနတ္တ။ ဥပမာ၊ ဇာတိဟူသော အကြောင်းရှိနေလျှင် အိုနာ သေမှု ဟူသော အကျိုးတရား ဖြစ်ရတော့၏။ မဖြစ်အောင် အစိုးမရ အနတ္တ။ တနည်း၊ ဖဿဟူသော အကြောင်း ရှိနေလျှင် ဝေဒနာဟူသော အကျိုးဖြစ်ရ၏။

ဤ၌ ဖသသချုပ်လျှင် ဝေဒနာ ချုပ်ရ၏။ မချုပ်စေရန် အစိုးမရ အနတ္တ။ ဤသို့အားဖြင့် ရုပ်, နာမ် ခန္ဓာတို့၌ မမြဲသော ဆင်းရဲသော အစိုးမရ အလို မလိုက်သော ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တတရားတို့သာတည်းဟု ရှု၍ အတ္တဒိဋ္ဌိကိုခွါအပ်၏ဟူလို။

ထိုပြင် နာမ်ရုပ် ၂-ပါး ခွဲခြားခြင်းဖြင့် သက္ကာယဒိဋ္ဌိ ခွါနည်းကို ပြဦးအံ့။

မေး-ဖြေ။ ။သင်သည် အတ္တဒိဋ္ဌိကို ခွါလိုသလော၊ စွန့်ခွါလိုပါသည်။ စွန့်လိုလျှင် နာမ်နှင့် ရုပ်ကို ခွဲခြား၍ သိအောင်အားထုတ်ပါ။

မေး။ ။ထို နာမ်ရုပ် ခွဲခြားနည်းကို သိလိုပါသည်။ အဘယ်သို့ ခွဲခြားရ ပါမည်နည်း။

ဖြေ။ ။ဤကာယ၌ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ ဤကား ခက်မာခြင်း လက္ခဏာရှိသော ပထဝီ ၂၀။

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ ဤကား ဖွဲ့စေးခြင်းလက္ခဏာရှိသော အာပေါဓာတ် ၁၂။

ရက်ဆက် ရက်ချွန် ဖျားနာတတ်သော သန္တပ္ပန တေဇော၊ အရွယ်ကို အိုစေ ရင့်စေ တတ်သော ဇီရဏ တေဇော၊ ပေါက်နာ ကျောက်နာ စသည်ကို ဖြစ်စေ တတ်သော ဒါဟ တေဇော၊ စားသောက်သော အစာ အာဟာ ရတို့ကို ကျက်စေ ကြေစေတတ်သော ပါစကတေဇော၊ ဤကား သိတ ဥဏှ လက္ခဏာရှိသောတေဇော ၄။

အထက်ဆန်သော လေ၊ အောက်စုန်သော လေ၊ ဝမ်း တွင်း၌ တည်သောလေ၊ ကောဋ္ဌာသ အစု၌ တည်သော လေ၊ အင်္ဂါကြီးငယ်သို့ သွေးလျောက်သော လေ၊ ထွက်သက် ဝင်သက် လေ၊ ဤကား ထောက်ကန် လှုပ်ရှားခြင်း လက္ခ ဏာ ရှိသော ဝါယောဓာတ် ၆-ပါး။

ဤသို့ ပထဝီ ၂၀။ အာပေါ ၁၂။ တေဇော ၄။ ဝါယော ၆-တို့၌ သိတတ်သော သဘောမရှိ။ ခက်မာ၊ ဖွဲ့စေး၊ ပူအေး၊ ထောက်ကန် ဟူသော ဓာတ်သဘာဝ လက္ခဏာ ၄-ချက်သာ ရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ သဘော မရှိ။ ထိုပြင် ထိုဓာတ် ၄-ပါးကို မှီ၍ဖြစ်သော မျက်စေ့၊ နား၊ နှာ၊ လျှာ ကာယဘာဝ ဟဒယရုပ်တို့သည်ရင်း၊ အ ဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ အာရုံတို့သည် ရင်း၊ သိတတ်သော သဘောမရှိသော ရုပ်မည်၏။ ထိုပြင် အဆင်းကို သိတတ်သော စက္ခုဝိညာဏ်စိတ်၊ အသံကို သိတတ်သော သောတဝိညာဏ်စိတ်၊ အနံ့ကိုသိတတ် သော ဃာန ဝိညာဏ်စိတ်၊ အရသာကို သိတတ်သော ဇိဝှါဝိညာဏ်စိတ်၊ အတွေ့အထိကို သိတတ်သော ကာယ ဝိညာဏ်စိတ်၊ ဓမ္မာရုံကိုသိတတ်သော မနောဝိညာဏ်

စိတ်တို့သည် အာရုံကို ညွတ်တတ် သိတတ်သောကြောင့် နာမ်မည်၏။ ဤသို့ မသိတတ်သော ရုပ်သဘောနှင့် သိတတ်သော စိတ်သဘောမျှသာရှိ၏ဟု ရှုပြီးလျှင် အတ္တ သတ္တ သက္ကာယဒိဋ္ဌိကို ခွါအပ်၏။

---

## သက္ကာယခွါပုံ ကိုယ်တွေ့ ရှုနည်း

မေး။ ။ယခု ထိုင်နေတာ ဘယ်တရားပါလဲ။

ဖြေ။ ။ဆံပင်စသော ပထဝီ ၂၀၊ သည်းခြေစသော အာပေါ ၁၂၊ သန္တပ္ပန စသော တေဇော ၄၊ ဥဒ္ဓင်္ဂမ စသော ဝါယောဓာတ် ၆၊ ထိုင်နေပါသည်။

မေး။ ။ယခု ထိုင်နေသော နေရာသို့ ရောက်အောင် အဘယ် တရားပို့ပါသလဲ။

ဖြေ။ ။စိတ်က စိတ္တဇဝါယောဓာတ်ကို ဖြစ်စေပြီးလျှင်၊ ရုပကာယ တခုလုံးကို ထိုင်နေသော နေရာသို့ ပို့ပါသည်။

မေး။ ။ကိစ္စကြီးငယ်တို့ကို ဘယ်တရားတို့ လုပ်ပါသလဲ။

ဖြေ။ ။နာမ်နှင့် ရုပ်တို့ အချင်းချင်း ကျေးဇူးပြု၍ လုပ်ကြပါသည်၊

မေး။ ။ရုပ်ကလည်း သိတတ်သော သဘောမရှိ၊ သွားလာလုပ်ကိုင် လိုသောဗျာပါရမရှိ၊ နာမ်က သွား

လာ လုပ်ကိုင်လိုသော ဆန္ဒရှိသော်လည်း သူ့မှာ သွားလာရန် ကိရိယာမရှိဘဲ အဘယ်သို့အားဖြင့် သွားလာ လုပ်ကိုင်ခြင်း ကိစ္စကို ပြီးစေပါသနည်း။

ဖြေ။ ။နာမ်နှင့် ရုပ်တို့ အညမည အချင်းချင်း ကျေးဇူး ပြုကြလျှင် ကိစ္စကြီးငယ် ပြီးနိုင်ပါသည်။

ဥပမာ-ရုပ်သည် အကန်းနှင့်တူ၏၊ ၎င်းမှာ သွားနိုင်သောအားရှိ၏။ သို့ရာတွင် ကန်းနေ၍ မသွားတတ်၊ နာမ်သည် အကျိုးနှင့်တူ၏။ ၎င်းမှာ မျက်စေ့ မြင်သော်လည်း ကျိုးနေ၍ မသွားနိုင်၊ ၎င်းတို့ ၂-ဦးတိုင်ပင်ပြီးလျှင် အကန်းက အကျိုးကို ပခုံးမှာထမ်း၍ သွားလာ ထမင်းတောင်းစားကြရာ၊ စားသောက်ခြင်းကိစ္စ ပြီးစေသကဲ့သို့ ထိုအတူ နာမ်နှင့် ရုပ်တို့ အချင်းချင်း ကျေးဇူး ပြုကြလျှင် ကိစ္စကြီးငယ်ကို ပြီးစီးနိုင်ပါသည်။

ဥပမာ-တနည်း ပြဒါးအိုး၊ လှည်း, နွား, လှည်းသမား, ၃-ဌာနရှိရာ၊ လှည်းသည် ဒွတ္တိံသာကာရနှင့် တူ၏။ နွားသည် ဝါယောဓာတ်နှင့်တူ၏။ လှည်းသမားသည် စိတ်နှင့် တူ၏။ ဤ၌ လှည်း၌ နွားကို တပ်ထားသော်လည်း နွားသည် လိုရာခရီး မသွားတတ်သကဲ့သို့၊ ထိုအတူ လှည်း သမားနှင့် တူသော စိတ်ပါမှသာ လိုရာကိစ္စ ပြီးနိုင်၏။ ဤသို့လျှင် ကိစ္စကြီးငယ်တို့ကို ပုဂ္ဂိုလ် သတ္တဝါတို့ ပြုလုပ်မှု မဟုတ်၊ နာမ်ရုပ်တို့ ပြုလုပ်၏ ဟူလို။

မေး။ ။ယင်းသို့ ဖြစ်ခဲ့လျှင် ပုဂ္ဂိုလ် သတ္တဝါတို့ သွားလာ လုပ်ကိုင်ကြ၏ဟု ပြောဆိုကြသော စကားဟာ မှန်သလော မှားသလော။

ဖြေ။ ။လောက ဝေါဟာရ အားဖြင့် မှန်ပါသည်၊ ပရမတ္ထ အားဖြင့် နာမ် ရုပ် ၂-ပါးတို့ အချင်းချင်း ကျေးဇူး ပြု၍ ပြုလုပ်၏ဟု ရှုမှ မှန်ပါသည်။

ကျက်မှတ်၍ သတိပဋ္ဌာန်အနေနှင့် ပွါးများလိုမှု–

၁။ ခိုင်းဟတ်လုပ်တတ်၊ ဤနှစ်ရပ်၊ မှတ်ကြနာမ်နှင့်ရုပ်။

၂။ စားတတ် သောက်တတ်၊ ပြောတတ် ဆိုတတ်၊ အရပ်ရပ်၊ မှတ်ကြ နာမ်နှင့် ရုပ်။

ဤသို့ နာမ်နှင့်ရုပ်ကို ခွဲခြားခြင်းဖြင့်လည်း သက္ကာယ ဒိဋ္ဌိကိုခွါအပ်၏။ အတ္တ အယူကို စွန့်အပ်၏။

တနည်း။ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး ဖဿ ၆-ပါး ဝေဒနာ ၆-ပါး တို့၌ အခိုက်အတန့် အားလျော်စွာ သတိပဋ္ဌာန်နှင့်တကွ ဝိပဿနာ ရှုနည်းကား။

၁။ မျက်စေ့နှင့် ရူပါရုံသည် ရုပ်၊ အဆင်း သိမှုကား စိတ် နာမ်။

၂။ နားနှင့် အသံဟူသည် ရုပ်၊ အသံ သိမှုကား စိတ် နာမ်။

၃။ နှာခေါင်းနှင့် အနံ့ကား ရုပ်၊ အနံ့ သိမှုကား စိတ် နာမ်။

၄။ လျှာနှင့် အရသာတို့ကား ရုပ်၊ အရသာသိမှုကား စိတ်နာမ်။

၅။ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ တို့ကားရုပ်၊ အတွေ့ အထိ သိမှုကား စိတ် နာမ်။

၆။ မနသည် နာမ် ဓမ္မာရုံ၌ ရုပ် နာမ် ပညတ်၊ သိမှုကား နာမ်။ ဤသို့ ဗဟုသုတအနေဖြင့် စိတ်က ရှေးဦးစွာ မှတ်ထားပါ။

---

## အကြောင်းအား လျော်စွာ ရှုပုံ

၁။ မြင်သည့်အခါ၊ မြင်သိဖြစ်ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

၂။ ကြားသည့်အခါ၊ ကြားသိဖြစ်ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

၃။ နံသည့်အခါ၊ နံသိဖြစ်ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

၄။ စားသည့်အခါ၊ စားသိဖြစ်ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

၅။ ကာယသို့ ထိသည့်အခါ၊ ထိသိဖြစ်ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

၆။ စိတ်ဖြင့် တွေတွေရာရာ စဉ်းစား ဆင်ခြင်သော အခါ၊ ကြံသိဖြစ်ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

---

ဤသို့ သူ့ဒွါရနှင့် သူ့အာရုံ ကြုံတွေ့တိုင်း သတိပဋ္ဌာန် အနေဖြင့် ရှုပါကုန်၊ ဤသို့ အားဖြင့်လည်း သက္ကာယ ကွာနိုင်၏။ တနည်း၊ ထွက်သက် ဝင်သက်တို့၌ ပွားနည်း

ကား၊ နှာခေါင်းဖြင့် ဝင်သက် ရှူသောအခါ၊ ဝင်သိ ဖြစ်ပျက် နာမ်ရုပ် ဒုက္ခသစ္စာ၊ ထွက်သည့်အခါ၊ ထွက်သိ ဖြစ်ပျက် နာမ်ရုပ် ဒုက္ခသစ္စာ၊ ဤသို့လည်း ရှုအပ်၏။ ဤ၌ ထွက်ဘိုင်း ဝင်ဘိုင်းမရှုသော်လည်း ဝင်သက်လေ တခု၌သာ ရှု၍နေကလည်း ကိစ္စပြီး၏။ ထွက်သက်လည်း ဂုင်းနည်းဟု သိနိုင်၏၊

---

## တနည်း ဣရိယာပုထ် ၄-ပါးဖြင့် ရှုပုံ

၁။ သွား သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၂။ ရပ် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၃။ ထိုင် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၄။ အိပ် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

ဤသို့ ရှုကလည်း ပုဂ္ဂိုလ်သတ္တဝါ သွားလာလုပ်ကိုင်၏ဟု ယူသော ဒိဋ္ဌိချုပ်၏၊ သက္ကာယဒိဋ္ဌိကွာ၏၊ ဤသို့ ဣရိယာ ပထဖြင့် အဘာန့်ဘာန် ပြုပြင် ဖြစ်ပျက် ရခြင်းကား၊ ဒုက္ခသစ္စာသာတည်းဟု ရှု၍ သံဝေဂယူအပ်၏ ဟူလို။

ဤသို့ သတိပြု၍ ဒုက္ခ သစ္စာသာ တည်းဟု ရှုခဲ့လျှင်လည်း သက္ကာယဒိဋ္ဌိကွာကြောင်း ဝိသုဒ္ဓိမဂ်၌ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာ မိန့်တော်မူ၏။

ဒုက္ခေ ဉာဏံ ပရိယုဋ္ဌာနာဘိဘဝန ဝသေန ပဝတ္တံ သက္ကာယဒိဋ္ဌိံ နိဝတ္တေတိ၊ ကသ္မာ သုဒ္ဓသင်္ခါရ ပုဉ္ဇ ဒဿနတော။

ဒုက္ခညာဏံ၊ ဒုက္ခသစ္စာကို သိသော ဉာဏ်သည်။ ပရိယုဋ္ဌာနာဘိဘဝနဝသေန၊ ဒိဋ္ဌိစသော ကိလေသာတို့ ထိုးကျင့် နှိပ်စက်သည်၏ အစွမ်းဖြင့်၊ ပဝတ္တံ၊ ဖြစ်သော။ သက္ကာယဒိဋ္ဌိံ၊ ငါ့ကိုယ်ရှိ၏ဟု ယူသောသက္ကာယဒိဋ္ဌိကို။ နိဝတ္တေတိ၊ နစ်စေ၏။ ဝါ၊ ချုပ်ငြိမ်းစေ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ သုဒ္ဓသင်္ခါရ ပုဉ္ဇဒဿနတော၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ ရှိသော သင်္ခါရ ဒုက္ခ အစုအပုံ မျှ၏အဖြစ်ကို မြင်သိသည်၏အဖြစ် ကြောင့်တည်း။

ယခု ဖြစ်ပျက်နေမှုကား ပုဂ္ဂိုလ် သတ္တဝါတို့ ဖြစ်ပျက်နေမှုမဟုတ်၊ သစ္စာအားဖြင့် နာမ်ရုပ် ဒုက္ခသစ္စာသာ ဖြစ်ပျက်နေ၏ ဟူလို။

သတိပြုတော် မူကြစေလိုသည်မှာ၊ သက္ကာယ ဒိဋ္ဌိသည် သောတာပတ္တိမဂ်ကို တားမြစ်၏၊ ၎င်းကို မခွါနိုင်လျှင် မဂ်ကို မရနိုင်၊ အပါယ်ဘေး သံသရာဘေးတို့မှ မလွတ်နိုင်၊ ထိုကြောင့် တခြား ထွေထွေရာရာ တွေကို ရှေးဦးမလုပ်ဘဲ သက္ကာယ ကွာဘို့ကိုသာ ပြဆိုခဲ့သည့် အတိုင်း အားထုတ်ပါကုန်။

သောတာပတ္တိမဂ်ကို ရလျှင် အထက် မဂ်များကို ရရန်ကိစ္စ အနှောင့ဂတဖြစ်၏၊ ဤ ပဌမ သောတာပတ္တိမဂ်ကို ရရန်သာလျှင် အရေးကြီး၏ ဟူလို။

တနည်း ပြီးပြီ။

## နာမ်ရုပ်မှ တပါး ပုဂ္ဂိုလ် သတ္တဝါ မရှိပုံ

နာမရူပ မတ္တတော ဥဒ္ဓံ အညော သတ္တောဝါ ပုဂ္ဂလောဝါ ဒေဝေါဝါ ဗြဟ္မာဝါ နတ္ထိတိ။ (ဝိသုဒ္ဓိမဂ်)

နာမရူပမတ္တတော၊ နာမ်ရုပ် ၂—ပါးမျှထက်။တနည်း။ နာမရူပမတ္တတော၊ မသိတတ်သောရုပ်နှင့် သိတတ်သော နာမ်မျှထက်။ဥဒ္ဓံ၊အလွန်။ အညော၊ တပါးသော။ သတ္တောဝါ၊ သတ္တဝါသည်ရင်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမသည်ရင်း။ ဒေဝေါဝါ၊ နတ်သည်ရင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်ရင်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

---

## ထိုနာမ်နှင့် ရုပ်ကို သတ္တဇီဝ ပုဂ္ဂလဟု အထင်မှားပုံ

မိမိတို့ အလိုရှိရာ သွားလာလုပ်ကိုင် ပြောဆို နိုင်မှုတို့ ကြောင့် မိမိတို့ကိုယ်ကို မိမိတို့အစိုးရ၏ သုခဒုက္ခတို့ကို လည်း ခံစားတတ်၏။ ကိစ္စကြီးငယ်တို့ကို ပြုလုပ်တတ် သော ကာရကပုဂ္ဂိုလ် ဝေဒကပုဂ္ဂိုလ် ဟုတ်၏ဟု ထင် မှားကြလေသည်။

ဤ၌ အစိုးရ၍ ပြုလုပ်နိုင်ခြင်း မဟုတ်ပေ၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် ထပ်ခါထပ်ခါ ပြုပြင်မှုတို့ကြောင့် သွားလာ လုပ်ကိုင်နိုင်၏ ဟူလို၊ သတိပြုရန်မှာ သက္ကာယ ဒိဋ္ဌိ မကွာလျှင် မဂ်ကိုမရနိုင်၊ ထိုကြောင့် ကောင်းစွာ မြင်သိအောင် အားထုတ်ကြပါကုန်။

## တနည်း

၁။ နာမ်ရုပ်မှတပါး ယောကျ်ား မိန်းမ သတ္တ ဇီဝ ဘာမျှမရှိ၊ ဉာဏ်နှင့် ကြည့်က ဓာတ် အတိမျှ သင်္ခါရ မုချရှိချေသည်။

၂။ နာမ်ရုပ် ၂-တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ မသိကြ၍၊ ငါထ၊ ငါထိုင်၊ ငါကိုင်၊ ငါသွား၊ ငါမြင်ကြား၊ ထင်မှားကြ လေသည်။

၃။ ဒိဋ္ဌိသက္ကာ၊မဂ္ဂသမ္မာ၊ ပါယ်လေးဝ၊ မုချရောက်ဦးမည်။

၄။ ရုပ်နာမ် ဓမ္မ၊ အနိစ္စ၊ ဒိဋ္ဌ မြင်သင့်သည်။

၅။ ဤသို့မြင်မှ၊ အနတ္တ၊ မုချ ထင်ပေမည်။

၆။ ဤသို့ထင်မှ၊ သက္ကာယ၊ မုချ ကွာချေမည်။

၇။ ဤသို့ကွာမှ၊ မဂ္ဂဖလ၊ မုချ ရချေမည်။

၈။ မဂ်ဖိုလ်ရမှ၊ ဝဋ်ဒုက္ခ၊ မုချ ကျွတ်လွတ်မည်။

နာမ်ရုပ်ခွဲနည်း သက္ကာယခွါနည်း အမျိုးမျိုး ဤတွင်ပြီးပြီ။

---

## မဂ်ဖိုလ်ရခြင်း မရခြင်း အကြောင်းကိုအထူး သတိပြုတော် မူကြရန်

၁။ အယူအတ္တ မစွန့်လျှော် ရသော့ ရဟန်းပင် ပြုလုပ် ဦးတော့၊ မဂ်ဖိုလ်ရမှ လွန်ဝေးလံ၊ ဒိဋ္ဌိဝိစိကိစ္ဆာ ရှိနေသောကြောင့်။

၂။ အသုံးအတွေ၊ ပယ်စွန့်လျှင်၊ ကာမဂုဏ် ခံစား၍ နေသော လူ ဥပါသကာ ဥပါသိကာမပင် ဖြစ်စေဦးတော့ မဂ်ဖိုလ်ရမှု လွန်ထိုက်တန် ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ငြိမ်းသောကြောင့်။

၃။ သစ္စာ ၄–ရပ် ညဏ်မြင်သန် ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်မှု စိတ်ချ။

၄။ ယင်းသို့ အားဖြင့် ချုပ်ခဲ့လျှင်၊ သောတာပန်လျှင် တည်မှု စိတ်ချ။

၅။ ယင်းသို့အားဖြင့် တည်ခဲ့လျှင်၊ မေ့မေ့ လျော့လျော့ ပင် နေစေဦးတော့၊ ခုနစ် ဘဝဖြင့် အရဟတ္တံ၊ အသင်တနိဗ္ဗာန် ရောက်မှု စိတ်ချ။

အထူး သတိ ပေးလိုသည်မှာ ရဟန်းရှင်လူတို့မှာ ပရိယတ် ပဋိပတ်လောက်နှင့် တင်းတိမ် မနေကြဘဲ၊ သစ္စာသိမှု သောတာပန် တည်မှုဟူသော ပဋိဝေဓသို့ ရောက်အောင် အားထုတ်ကြပါ ဟူလို။

သတိပြုရန် ပြီးပြီ။

---

**သစ္စာ ၄–ပါးကို အမေး အဖြေဖြင့် ပြဦးအံ့**

**အမေး။** ။ချုပ်နာမ် ခန္ဓာရှိနေမှုသည် သုခရှိနေမှုလော၊ သို့မဟုတ် ဒုက္ခ ရှိနေမှုလော။

**အဖြေ။** ။ထို ခန္ဓာ နာမ်ရုပ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ဇရာ ဗျာဓိစသော ဘေးတို့ ကပ်

လျက် ပါရှိနေမှု တို့ကြောင့် သုခ ရှိနေမှု မဟုတ်ပါ၊ ဒုက္ခသစ္စာ ရှိနေမှုသာ မှန်ပါသည်။

**အမေး။** ။ပါဠိတော်၌ ဘယ်လို ဟောပါသလဲ။

**အဖြေ။** ။ဒုက္ခသ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော-ဟု ဟောပါသည်။

ဒုက္ခသ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊အဖြစ်အပျက်တို့ဖြင့် မပြတ် နှိပ်စက်တတ် နှိပ်စက်အပ်သော သဘောလည်း တပါး။ သင်္ခတဋ္ဌော၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် မပြတ် ပြုပြင်အပ် ပြုပြင်တတ်သော သဘောလည်း တပါး။ သန္တာပဋ္ဌော၊အဘန်ဘန် ပူပန်အပ် ပူပန်တတ်သော သဘောလည်းတပါး။ ဝိပရိဏာမဋ္ဌော၊ ဖျားမှု နာမှု အိုနာ သေမှု စသဖြင့် ဖောက်ပြန် တတ်သော သဘောသည်းတပါး။ ခန္ဓာငါးပါး၌ ဤအနက် ၄-ချက် ရှိနေသောကြောင့် ဒုက္ခသစ္စာ မည်ပါသည်။

**မေး။** ။သင်သည် ထို ဒုက္ခသစ္စာ အနက်ကို စာတွေ့မျှပင်လော၊ သို့မဟုတ် ကိုယ်ကိုင် တွေ့ဘူးပါ၏လော။

**ဖြေ။** ။ကိုယ်ဘိုင် တွေ့ဘူးပါသည်။

**မေး။** ။အဘယ်သို့သော အခြင်းအရာဖြင့် တွေ့ကြုံဘူးပါသလဲ။

ဖြေ။ ။သွားကျိုး ဆံဖြူ၊ မေ့လျော့ထူ၊ ယယ်မှုပျောက်ခဲ့ပြီ။ လှပရုပ်ဆင်း နုပျိုခြင်း အိုမင်းနောက်ဆုံး ရှိခဲ့ပြီ ဟူသော ထွင့်ခေါင် ဆရာတော် ကမ္မဋ္ဌာန်းကဲ့သို့ရင်း၊ သွားကျိုး ဆံဖြူ မျက်စေ့မှုန် နားထိုင်း ခါးကိုင်း ကုန်းကွ ဟူသော ဇရာဒုက္ခ၊ ခေါင်းခဲ ဝမ်းနာ ဖျားနာစသော ဗျာဓိဒုက္ခ၊ မချစ် မနှစ်သက်သော သူနှင့်တကွ အနိဋ္ဌာရုံ တို့နှင့် တွေ့ကြုံရမှု ဒုက္ခ၊ ချစ်နှစ်သက်သောသူနှင့် တကွ ဣဋ္ဌာရုံတို့နှင့် ကွေကွင်းရမှု ဒုက္ခ၊ ဇာတိ တဘန် မဖြစ်လိုပါ, ပူပန်ကြောင့်ကြ မရှိလိုပါဟု တောင့်တ သော်လည်း မရမှုတို့ကြောင့် ဒုက္ခသစ္စာသာ ရှိ၏, သုခမရှိဟု ဖြေဆိုပါသည် ဟူလို။

ဒုက္ခသစ္စာ ရုပ်ပုံ ပြီးပြီ။

---

မေး။ ။ထို ဒုက္ခသစ္စာ ခန္ဓာ နာမ် ရုပ်တို့ကို မည်သူ လုပ်သလဲ၊ မိမိလုပ်သလော, သူတပါး လုပ်သလော။

ဖြေ။ ။ဓမ္မာဓိဋ္ဌာန်အားဖြင့် သမုဒယသစ္စာ တဏှာ လုပ်ပါသည်။ ပုဂ္ဂလာ ဓိဋ္ဌာန်အားဖြင့် မိမိတို့၏ လိုချင်မှု တဏှာ လုပ်ပါသည်။

မေး။ ။ပါဠိတော်၌ ဘယ်ကဲ့သို့ ဟောပါသလဲ။

ဖြေ။ ။သမုဒယဿ အာယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌော။

သမုဒယသော၊ သမုဒယသစ္စာ၏၊ အာယူဟနဋ္ဌော၊ ဒုက္ခ ၀ဋ္ဋ၊ ဒုက္ခအစုတို့ကို မပြတ်စုဆောင်း ဆည်းပူးခြင်း သဘောလည်း တပါး။ နိဒါနဋ္ဌော၊ ဒုက္ခ၀ဋ္ဋ၊ ဒုက္ခ အစု တို့ကိုမပြတ်ပေးအပ် ဆောင်နှင်းခြင်း သဘောလည်းတ ပါးသံယောဂဋ္ဌော၊ ဒုက္ခ၀ဋ္ဋဒုက္ခမှုတို့နှင့်မပြတ်ယှဉ်စေ ခြင်း သဘောလည်းတပါး။ ပလိဗောဓဋ္ဌော၊ သံသရာ ၀ဋ်မှ မလွတ် မထွက်နိုင်အောင် တားမြစ် နှောင့်ရှက် တတ်သော သဘောလည်းတပါး။ ဤ လေးပါးပင်တည်း။

မေး။ ။သင်သည် ထိုသမုဒယ အနက် ၄–ချက်နှင့် ဘယ် သို့သော အခြင်းအရာအားဖြင့် တွေ့ကြုံ သော ကြောင့် ဤသို့ ဖြေဆိုပါသနည်း။

ဖြေ။ ။မိမိတို့ သန္တာန်မှာရှိသော ဆံပင် မွေးညှင်း မျက် စေ့ နားနှာ ရူပကာယစသည်တို့၌ အလွန်ခင်တွယ် နှစ်သက်လေ့ ရှိတတ်ကြပေသည်။ ငါ့ကိုယ် ငါ့ ဟာဟု စွဲယူသော ဥပါဒါန် ရှိတတ်ကြသည်။ နာမ်၌လည်း သုခဝေဒနာတို့၌ အဘိနန္ဒန စသည် ဖြင့် အလွန်နှစ်သက်လေ့ရှိကြပေသည်။ ထိုကြောင့် ပင်လျှင် သွားရေး သွားရေး စားရေး သောက်ရေး နေရေး ထိုင်ရေး ပစ္စည်း ဥစ္စာရရန် အားထုတ် ရှာမှီးရေးတို့နှင့်တကွ ပူပင်ကြောင့်ကြရမှု၊ ဒုက္ခ အနန္တတို့နှင့် တနေ့မပြတ် တွေ့ကြုံနေရပါသည်။ ယခု ပစ္စုပ္ပန်မှာ ကဲ့သို့ပင် ရှေးရှေး ဘဝတို့က လည်း တဏှာကြောင့် ဒုက္ခဖြစ်၏။ တဏှာမချုပ်

သေးလျှင် အနာဂတ်မှာလည်း ဤနည်း ဒုက္ခ ဖြစ်လတ္တံ့ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဤသို့ ဖြေဆိုပါသည်။

## သတိပြုရန်

ပရမတ္ထအားဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးတို့၌ ဒုက္ခသစ္စာ သမုဒယသစ္စာ ၂-ပါးတို့သာလျှင် အကြောင်းအကျိုးပြု၍ ဖြစ်ပျက်နေ၏ဟု ရှုလျှင်၊ ငါကောင် သတ္တဝါကောင် ရှိလေသလော မရှိလော၊ ငါကောင် သတ္တဝါကောင်သည် ဟိုဘဝမှ သည်ဘဝသို့ ရောက်လေသလော၊ နောင်အခါ ဘယ်ကို သွားမည်နည်း စသော ယုံမှားခြင်း ၁၆-ပါး ချုပ်ငြိမ်းရ၏ ဟူလို။

သမုဒယ သစ္စာ ပြီးပြီ။

---

မေး။ ။လိုချင်မှု တဏှာကြောင့်ဖြစ်သော ဇာတိ စသော ဒုက္ခသည် ထိုလိုချင်မှုကို မဂ်ဉာဏ်ဖြင့် ပယ်လျှင် တဖန် ဇာတိဖြစ်နိုင် ဦးမည်လော။

ဖြေ။ ။ဇာတိတဖန် ဖြစ်နိုင်ခွင့် မရှိတော့ပါ။

အလောဘေန ဇာတိဒုက္ခံ န ဟောတိ။ ကသ္မာ အလောဘဿ တဏှာယ ပဋိပက္ခတော။ (အဋ္ဌသာလိနီပါဠိ)

အလောဘေန၊ လိုချင်မှုကို စွန့်သော အလောဘကြောင့်၊ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ အလောဘဿ၊

လိုချင်မှုကိုပယ်သော အလောဘ၏။ တဏှာယ၊ လိုချင်မှု ဘဝတဏှာနှင့်။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။ ထို လိုချင်မှုကြောင့် ဖြစ်သော အကျိုး တရားသည် လိုချင်မှု တဏှာချုပ်က ထို အကျိုးတရား မဖြစ်နိုင် ဟူလို။တနည်း။ဟေတုံပဋိစ္စ သမ္ဘူတာ၊ဟေတု ဘင်္ဂါ နိရုဇ္ဈရေ ဟူသော ကထာအရ၊အကြောင်းကြောင့် ဖြစ်သောတရားသည်၊အကြောင်းချုပ်က အကျိုးချုပ်ရမြဲ ပေတည်း။

ဟေတုံ၊ သမုဒယ သစ္စာ တဏှာကို။ ပဋိစ္စ၊ စွဲ၍။ သမ္ဘူတာ၊ ဇာတိစသောဒုက္ခတို့ ဖြစ်ပွါးစည်ပင်၍ နေကုန်၏။ ဟေတုဘင်္ဂါ၊ အကြောင်း သမုဒယ တဏှာ၏ ချုပ်ခြင်းကြောင့်။ နိရုဇ္ဈရေ၊ အကျိုး ဒုက္ခသစ္စာ တရားတို့လည်း ချုပ်ရကုန်၏။

တနည်း။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာ ဟူသော အကျိုးဖြစ်၏။ ဖဿချုပ်လျှင် ဝေဒနာဟူသော အကျိုးလည်း ချုပ်ရသကဲ့သို့ပင် ဟူလို။

အဓိပ္ပါယ်မှာ တဏှာကြောင့် ဖြစ်သော ဇာတိသည် တဏှာချုပ်လျှင် ဇာတိဒုက္ခလည်း ချုပ်ရ၏ဟု နိရောဓ သစ္စာ နိဗ္ဗာန်ရှိမှုဌ် ယုံမှားမှုမရှိ ဟူလို။တနည်း။အကြောင်း ကြောင့် ဖြစ်သော တရားသည် အကြောင်း ကုန်လျှင် အကျိုး မဖြစ်နိုင် ဟူသော နိရောဓသစ္စာ နိဗ္ဗာန် ရှိမှုဌ် ယုံမှားမှုမရှိ ဟူလို။

## သံသရာဝဋ်ဒုက္ခ မပြတ်လည်ပုံ ချုပ်ပုံကို ဥပမာနှင့် ပြဦးအံ့

သမုဒယသစ္စာ တဏှာကြောင့် ဒုက္ခသစ္စာ ခန္ဓာငါးပါး ဖြစ်၏။ ထိုခန္ဓာကိုပင်လျှင် တဏှာဖြင့် ခင်တွယ် ခဲ့သော် တဏှာတဘန် ဖြစ်ပြန်တော့၏။ ထိုတဏှာကြောင့် တဘန် ခန္ဓာ ၅-ပါး၊ အသစ် ဖြစ်ပြန်တော့၏။ ။ဤသို့အကြောင်း ကြောင့် အကျိုး၊ အကျိုးကြောင့် အကြောင်း၊ တနည်း။ သမုဒယကြောင့် ဒုက္ခ၊ဒုက္ခကြောင့် သမုဒယ ဖြစ်နေလျှင် သံသရာဝဋ်ဒုက္ခ မချုပ် မပြတ်နိုင်၊ ဝဋ်မှ မထွက်နိုင်၊ ဥပမာ မျိုးစေ့ကြောင့် အပင်၊ အပင်ကြောင့် မျိုးစေ့ ဆို သကဲ့သို့ ပေတည်း။

ဤကား သံသရာစက် လည်ပုံတည်း။

သံသရာစက် ပြတ်နည်းကား။ သမုဒယတဏှာကြောင့် အကျိုး ခန္ဓာ ၅-ပါးဖြစ်၏၊ ထို အကျိုးခန္ဓာ ၅-ပါးကို၊ ဝါ၊ ယခု ရှိနေသော ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိဖြင့်၊ ငါ, ငါ့ဥစ္စာဟု စွဲယူမှုကို ဝိပဿနာဖြင့် ပယ်ခဲ့သော်၊ တဏှာ ခင်တွယ်မှုချုပ်၏။ ။ဤသို့ချုပ်လျှင် တဏှာတဘန်မဖြစ် သောကြောင့် ဇာတိဒုက္ခစသော ဝိပါက ဝဋ်ဒုက္ခလည်း ချုပ်ရလေတော့၏။ ။ဥပမာ၊ အပင်မှတဘန် မျိုးစေ့ မဖြစ်နိုင်အောင် အပင်ကို သတ်သဖြင့် မျိုးပြတ်သော ကြောင့် အပင်တဖန် မဖြစ်နိုင်သကဲ့သို့၊ ထိုအတူ ဇာတိ စသော သံသရာဝဋ် ဒုက္ခချုပ်၏။ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တော့၏ ဟုလို။

နိရောဓသစ္စာ ပြဆိုပုံ ပြီးပြီ။

မေး။ ။ဒုက္ခသစ္စာ၌ ပြဆိုခဲ့သည့် အတိုင်း ခန္ဓာ ၅-ပါး တို့ကို ဒုက္ခ သစ္စာဟု သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် အမှန်ကို မြင်သိလျှင်၊ လိုချင်မှု ဘဝတဏှာဖြစ်နိုင် ဦးမည်လော။

ဖြေ။ ။၃၁-ဘုံကို သံသရာ နှောင်အိမ်ဟု မြင်သိလျှင်၊ ထိုနှောင်အိမ်မှ လွတ်ထွက်လိုသကဲ့သို့၊ ထောင်ကျ နေသူသည် ထောင်မှ လွတ်လိုသကဲ့သို့၊ ထို အတူ ရုပ်နာမ် ခန္ဓာတို့၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာပါရှိ နေမှု, အရိုးသေမှုတို့ ကပ်လျက် ပါရှိနေမှုတို့ကို မြင်သိလျှင် "ဒုက္ခမြင်သိ တဏှာ ကွာ၊ နိရောဓသို့သာ ညွတ်သည် မဂ်စိတ်" ဟူသော ကထာအရ ဘဝတဏှာ ဖြစ်နိုင်ခွင့် မရှိတော့ပါ။

ဥပမာ၊ နတ်သွီးထင်၍ အချစ်ပုံ၊ ဘီလူးမဟု မြင်သိ ရုံဖြင့် ချစ်စိတ်ကုန်ခန်းသကဲ့သို့၊ ရုပ်နာမ်ခန္ဓာတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု မြင်သိလျှင် အဘယ်မှာလျှင် လိုချင်မှု တဏှာ ဖြစ်နိုင်တော့မလဲ။ တဏှာမှ မရှိလျှင် အဘယ် မှာလျှင် ဇာတိဖြစ်နိုင်တော့မလဲ။ အဇာတနိဗ္ဗာန်ဟူသည် တွင် ယင်းသို့ ဇာတိချုပ်မှုကိုပင် မှတ်ဘို့ပါဘဲ။

နိယျာနလက္ခဏံ မဂ္ဂသစ္စံ ကိလေသ ပဟာနရသံ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ။ (ဝိသုဒ္ဓိမဂ်)

မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာသည်။ နိယျာနလက္ခဏံ၊ ဝဋ်ဒုက္ခ တို့မှ ကျွတ်လွတ်အောင် ထုတ်ဆောင်ခြင်း လက္ခဏာ

ရှိ၏။ ကိလေသ ပဟာနရသံ၊ ရာဂစသော ကိလေသာ ကို ပယ်သတ်ခြင်း ကိစ္စရှိ၏။ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ၊ ဝဋ်ဒုက္ခမှ ထမြောက်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှု ထင်၏။

## မဂ်သည် ကိလေသာကို ပယ်ပုံ

**မေး။** ။မဂ်သည် ကိလေသာကို ပယ်သတ်၏ ဟူသည် အဘယ်သို့ ပယ်ပါသနည်း။

**ဖြေ။** ။မဂ်သည် ကိလေသာကို ပယ်သတ်၏ ဟူသည် ဖြစ်ခြင်းကင်းသော အနုပ္ပါဒနိဗ္ဗာန်ကို မဂ်စိတ်ဖြင့် အာရုံပြုမှုပင်တည်း။ ဤသို့ အာရုံ ပြုလျှင် သစ္စာကို မသိတတ်သော အဝိဇ္ဇာချုပ်၏။ လိုချင်မှု ဘဝ တဏှာ ချုပ်၏။မှားသော မြင်ခြင်း ဟူသောဒိဋ္ဌိ ဒိဋ္ဌိချုပ်၏။သို့လော သို့လော ဟူသော ဝိစိကိစ္ဆာ လည်း ချုပ်၏။ ဤသို့ချုပ်လျှင် မဂ်ကိစ္စပြီးသဖြင့် သောတာပန် အဖြစ်သို့ ရောက်ရကား ပုထုဇဉ် ခန္ဓာ မရှိတော့ပြီ၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဟူသော ကိလေသာတို့ကား ပုထုဇဉ် ခန္ဓာ၌သာ တည်၏။ အရိယာခန္ဓာ၌ ထို ကိလေသာတို့ မတည်နိုင်။ အဓိပ္ပါယ် အသုံးမှုကား ပုထုဇဉ်ခန္ဓာမှ အရိယာ ခန္ဓာသို့ ရောက်မှုပင်လျှင်၊ မဂ်သည် ကိလေသာ ကို ပယ်သတ်သည် မည်၏။

ဥပမာ—အရှေ့ကိုမျက်နှာပြုခါမျှဖြင့် အနောက် ကို ကျောခိုင်းမှု ပြီးသကဲ့သို့ ထိုအတူ ဖြစ်မှု

ကင်းသော နိဗ္ဗာန်ကို နှစ်သက်သော မဂ်စိတ် ဖြစ်ခြင်းမှုပင်လျှင် ဖြစ်လိုသော ဘဝတဏှာ စသော ကိလေသာ ပယ်မှုကိစ္စ ပြီး၏ ဟူလို။

## သမ္မာဒိဋ္ဌိ အဓိပ္ပါယ်

သမ္မာဒိဋ္ဌိ ဟူသည် အကျဉ်းအားဖြင့် သစ္စာ ၄-ပါး မြင်သိမှုပင်တည်း။ ထို သမ္မာဒိဋ္ဌိသည် ကမ္မဿက သမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိ အားဖြင့် ၅-မျိုး ပြား၏။

၁။ ကမ္မဿက သမ္မာဒိဋ္ဌိ ဟူသည် ကောင်းမှုကံကို ပြုလျှင် သုဂတိစသော ကောင်းကျိုး ရ၏။ မကောင်းမှု အကုသိုလ်ကံကို ပြုလျှင်လည်း အပါယ် စသော မကောင်းကျိုးကိုရ၏။ ဤသို့ ကမ္မဉ္စ ကမ္မဖလဉ္စ သဒ္ဒဟိတွာ ဟူသော ပါဠိအရ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းသည် ကမ္မဿ က သမ္မာဒိဋ္ဌိမည်၏။

၂။ ဈာန်ရခြင်း၌ ကမ္မဋ္ဌာန်း အားထုတ်မှု၌ ကျွမ်းကျင် လိမ္မာမြင်သိမှုသည် ဈာနသမ္မာဒိဋ္ဌိ မည်၏။

၃။ စိတ်စေတသိက် ရုပ်တို့၏၊ ဝါ-ခန္ဓာ ၅-ပါးတို့၏ သဘာဝ လက္ခဏာ အနိစ္စ ဒုက္ခ အနတ္တ စသော သာမညလက္ခဏာ တို့ကို သိမြင် ရှုမြင် နိုင်ခြင်း သည် ဝိပဿနာ သမ္မာဒိဋ္ဌိ မည်၏။

၄။ နိဗ္ဗာန်ကို အာရုံ ပြုသော မဂ်စိတ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိသည် မဂ္ဂသမ္မာဒိဋ္ဌိမည်၏။

၅။ ထိုမဂ် စိတ်နှင့် တဆက်တည်း ဖြစ်သော နိဗ္ဗာန် အာရုံ၌ တည်၍ ဖိုလ်စိတ်နှင့် ယှဉ်သော သမ္မာဋ္ဌိ သည် ဖလသမ္မာဒိဋ္ဌိ မည်၏။

ဤ ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိ တို့နှင့်ပြည့်စုံက မဂ်ကိုရပြီ၊ သောတာပန် စသည့် တည်ပြီ ဟု ဆုံးဖြတ်အပ်၏ ဟူလို။ မဂ္ဂသစ္စာပြီးပြီ။

ပြဆိုခဲ့ပြီးသော ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဟူသော သစ္စာ ၄-ပါးတို့ကို အကျဉ်း အားဖြင့် ဆင်ခြင် သုံးသပ်နည်း အမျိုးမျိုးတို့ကို ပြဦးအံ့၊

၁။ ဖြစ်လိုမှုကြောင့် ဖြစ်မှု၊ ဇာတိဒုက္ခ၊ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခံ။ အဓိပ္ပါယ်ကား ဖြစ်လိုမှုဟူသည် ဘဝတဏှာပင်တည်း။ ဖြစ်မှုဇာတိဒုက္ခ ဟူသည် ၃၁-ဘုံ၌ ဇာတိဖြစ်မှုပင်တည်း။ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ဟူသည် ခန္ဓာ ၅-ပါးတို့၌ ရှိသော အနိစ္စ ဒုက္ခ အနတ္တ ဇာတိဇရာ မရဏာဘေးတို့ကို မြင်သိသောကြောင့် တဘန် မဖြစ်လိုတော့ပါဟု ပယ်စွန့်သော မဂ်စိတ်ပင်တည်း။ ချုပ်မှုထိုဒုက္ခံ ဟူသည် ဘဝဇာတိချုပ်သော အနုပ္ပါဒ နိရောဓ နိဗ္ဗာန်ပင်တည်း။ ဤသို့အဘန်ဘန် ဆင်ခြင်သဖြင့် သစ္စာကို သိသည်ဖြစ်၍ ဘဝတဏှာကို ပယ်သည်ဖြစ်အံ့၊ သောတာပန်စသည် တည်နိုင်လေတော့၏ ဟူလို။

၂။ တနည်း။ ဖြစ်လိုမှုကြောင့် ဖြစ်သည်သာ၊ ဖြစ်လိုမှုအား စွန့်ပါလျှင်၊ အဘယ်မှာ ဇာတိဖြစ်နိုင်တော့မလဲ။

၃။ တနည်း။ အဖြစ်ရှိ၍ အပျက်လာ၊ မဖြစ်ပါချောင် အဘယ်မှာလျှင်၊ ပျက်တော့မလဲ။ နိရောဓသစ္စာ• နိဗ္ဗာန်ဟု ဆိုသည့်တွင် ယင်းသို့ ဖြစ်မှုချုပ်သော သဘောကိုပင် မှတ်ဘို့ပါဘဲ။

အကျဉ်းအားဖြင့် သစ္စာ ၄–ပါး ဆင်ခြင်နည်း ပြီးပြီ။

**မေး။** ။ထိုသစ္စာလေးပါးတို့ကို သုတအားဖြင့် သိပြီးနောက် မဂ်သို့တက်လိုသော် အဘယ်သို့ တက်ရပါမည်နည်း။

**ဖြေ။** ။ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ။ (ဝိသုဒ္ဓိမဂ်)

ဥပ္ပါဒေ၊ ခန္ဓာဇာတိဖြစ်ခြင်း၌။ အာဒီနဝံ၊ အနိစ္စ ဒုက္ခ အနတ္တ ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဘေးတို့ကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဝါ၊ မြင်သောကြောင့်။ တနည်း။ ဒိသွာ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပရိကံ ဥပစာ အနုလုံ ဝိပဿနာ ဇောတို့ဖြင့် မြင်သည်ဖြစ်၍။ ဝါ၊ မြင်သောကြောင့်။ အနုပ္ပါဒေ၊ ဖြစ်ခြင်း မရှိသော အနုပ္ပါဒ နိဗ္ဗာန်အာရုံသို့။ စိတ္တံ၊ အာရမ္မဏိက မဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ဖြစ်လိုမှု တဏှာကိုစွန့်၍ ဖြစ်မှုချုပ်ခြင်းကို နှစ်သက်သောအားဖြင့် ပြေးဝင်၏။ ဝါ၊ ဘယ်ဘုံ ဘယ်ဘဝကိုမျှ အလိုမရှိတော့ပါဟု သမ္မာသမာဓိဖြင့် အတည်ပြုလိုက်၏။ ဤသို့ အားဖြင့် မဂ်ကိစ္စပြီးနိုင်၏၊ ဟူလို။

၂။ တနည်း။ ဒုက္ခမြင်သိ တဏှာကျွ၊ နိရောဓသို့သာ ညွတ်သည့် မဂ်စိတ် ဤသို့အားဖြင့်လည်း ဒုက္ခသစ္စာသိမှ

သမုဒယတဏှာပယ်မှု၊ နိဗ္ဗာန် မျက်မှောက်ပြုမှု၊ မဂ္ဂသစ္စာ ပွားမှု ကျသော မဂ်ကိစ္စ ၄-ပါး ပြီးသဖြင့် မဂ်သို့ ရောက်၍ သောတာပန် တည်နိုင်၏။

၃။ တနည်း။ ဖြစ်လျှင်ဒုက္ခ၊ ချုပ်မှ သုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စံ။ အဓိပ္ပါယ်မှာ 'ဖြစ်လျှင်ဒုက္ခ' ကား အပျက်ကိုရှုသော ဝိပဿနာဉာဏ် တို့ ပင်တည်း။ 'ချုပ်မှ သုခနိဗ္ဗာန်' ကား နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူပင်တည်း။ 'ချုပ်ခြင်း အမှု' ကား ဖြစ်မှုချုပ်သော အနုပ္ပါဒ နိရောဓနိဗ္ဗာန်ကည်း။ ထို ချုပ်ခြင်းသဘောကို ဝါ-နိဗ္ဗာန်ကို 'နှစ်သက်မှု'ကား မဂ်စိတ်တည်း။

ဤသို့ မဂ်စိတ်ဖြစ်လျှင် ဒုက္ခသစ္စာ သိခြင်းကိစ္စ၊ သမုဒယတဏှာ ပယ်ခြင်းကိစ္စ၊ ဒုက္ခနိရောဓ နိဗ္ဗာန်ကို မျက်မှောက်ပြုမှုကိစ္စ၊ မဂ္ဂသစ္စာ ပွားမှုကိစ္စတို့ ပြီးစီး ရကား သောတာပတ္တိမဂ် စသည်ရောက်၍ သောတာပန် စသည် တည်နိုင်၏ ဟူလို။

ထင်သိ မြင်သိ မြန်မာစကား ရိုးရိုးဖြင့် မဂ်သို့ တက် လိုသော်—

၁။ ခန္ဓာ ဓာတ် ဖြစ်မှုရှိတာ မကောင်းပါဘူး။

၂။ ဓာတ် ဖြစ်ချင်တာလဲ မကောင်းပါဘူး။

၃။ ခန္ဓာ ဓာတ် ချုပ်မှ ကောင်းပါသည်။

၄။ ခန္ဓာဓာတ် ချုပ်လိုတာမှ ကောင်းပါသည်။

၁။ ခန္ဓာ ဇာတိ ဖြစ်မှုရှိတာ မကောင်းဘူး-ဟူသည် ခန္ဓာ၌ ရှိသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဇာတိ၊ ဇရာ ဗျာဓိ၊ မရဏ စသော ဒုက္ခသစ္စာကို မြင်သိမှုပင်တည်း။

၂။ ဇာတိ ဖြစ်ချင်တာလဲ မကောင်းပါဘူး-ဟူသည် ဘဝ ဇာတိ ဒုက္ခစသည်ကို အလိုရှိသော တဏှာ ဟာ မကောင်းဘူး။ ထိုတဏှာကြောင့် ဇာတိ ဒုက္ခ အမျိုးမျိုးတို့နှင့် တွေ့ကြုံနေရ၏ ဟု တဏှာ ၏ အပြစ်ကို မြင်မှုပင်တည်း။

၃။ ဇာတိ ချုပ်မှုကား ဖြစ်ခြင်းမရှိသော အနုပ္ပါဒ နိဗ္ဗာန်ပင်တည်း။

၄။ ကောင်းပါသည် အဓိပ္ပါယ်မှာ-ဖြစ်မှု မရှိသော ဇာတိ ချုပ်သော အနုပ္ပါဒ နိဗ္ဗာန်ကို နှစ်သက်သော မဂ်စိတ်ပင်တည်း။

ဤသို့ နှလုံးသွင်းကလည်း ယထာဘူတ ဉာဏ် အမြင် ဖြစ်သောကြောင့် မဂ်သို့ရောက်၍ သောတာပန် စသည် တည်နိုင်ပေသည်။

သတိပြုရန်-ယခု ပြဆိုခဲ့သော နည်းများသည် သစ္စာ သိမှု၌ မှတ်ယူလွယ်၍ အမြင်ကျယ်သော နည်းများဖြစ် ပေသည်။ ပါဠိတော် အဋ္ဌကထာ များနှင့်လည်း ညီလျော် ပေသည်။ ဤနည်းမျိုးကို စိစဉ်ရေးသားမှုကား မလွယ် ကူလှပေ၊ အလွန်ခက်ခဲ၏။ ထို့ကြောင့် စာကြည့်သူတို့ မှာ ငါတို့သည် ရေးကံပါရမီ အလွန် ကောင်းသော

ကြောင့် လွယ်လင့်တကူ ဤနည်းမျိုးကို ရပေသည်ဟု ဝမ်းမြောက်အပ်၏ ဟူလို။

မေး။ ။သောတာပတ္တိမဂ်ကို ရလျှင်ရပြီဟု အဘယ်ကဲ့သို့ သိနိုင်ပါသနည်း။

ဖြေ။ ။၁-ရုပ်နာမ် ခန္ဓာ ၅-ပါး ရှိနေမှုကို ဒုက္ခသစ္စာ ရှိနေမှုဟု သိသည်ဖြစ်၍၊ ၂-ထိုခန္ဓာသည်လည်း မိမိ ဘဝတဏှာ လောဘကြောင့် ဖြစ်၏ဟု သိသည်ဖြစ်၍၊ ၃-တဏှာချုပ်လျှင် ခန္ဓာဇာတိ ချုပ်ရတော့၏ဟု သိသည်ဖြစ်၍၊ ၄-ထို ဖြစ်မှုချုပ်သော နိဗ္ဗာန်ကို မဂ်စိတ်ဖြင့် အာရုံပြုသည် ဖြစ်အံ့၊ ဝါ၊ ဖြစ်မှု ချုပ်ခြင်းကို နှစ်သက်သည် ဖြစ်အံ့၊ ဝါ၊ လိုချင်မှု ဘဝတဏှာကို ပယ်သည် ဖြစ်အံ့။ ဤသို့သော အင်္ဂါတို့ဖြင့် ပြည့်စုံလျှင် မိမိသည် သောတာပန် တည်ပြီဟု သန္နိဋ္ဌာန်ကျဆုံးဖြတ် နိုင်ပေသည်။ ဝါ၊ သိနိုင် ပေသည်။ အဘယ်ကြောင့် ဆိုသော် ဓမ္မ ကခ်တိ အရ၊ မဂ်ဖိုလ် နိဗ္ဗာန်ဟူသော လောကုတ္တရာ တရားတို့၌ ယုံမှား တတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ အကြွင်းမဲ့ ချုပ်သောကြောင့်တည်း။

ထို့ပြင် သောတာပန် ဖြစ်ခဲ့လျှင် ငါးပါးသီလကို မကျူးလွန်ငဲ့တော့ပြီ၊ မိစ္ဆာအာဇီဝဖြင့် အသက်မမွေးဝံ့တော့ပြီ၊ ကုသိုလ်ကောင်းမှု၌ ဘဝဇာတ်ကို အလိုရှိသော အားဖြင့် မပြုဝံ့တော့ပြီ။ အနန္တရိယ ကံငါးပါးနှင့်

ဤဘုရားမှတပါး တခြား၌ ဆရာရှာမှု ဟူသော အည သတ္ထာရ ဥဒ္ဒိသမှုတို့ကို မပြုတော့ပြီ၊ မိမိစိတ်၌ ဤသို့ သမာဓိတည်မှုကို မြင်သိသောအားဖြင့်လည်း မိမိသည် မဂ်ကိုရပြီဟု ဆုံးဖြတ်နိုင်၏ ဟူလို။

မေး။ ။သောတာပန် တည်လျှင် အဘယ် ကဲ့သို့သော အကျိုးများ ရပါသနည်း။

ဖြေ။ ။အပိစခေါ အနမတဂ္ဂ သံသာရ ဝဋ္ဋဒုက္ခသမုဒ္ဒံ သောသေတိ၊ သဗ္ဗအပါယ ဒွါရာနိ ပိဒဟတိ၊ သတ္တန္နံ အရိယဓနာနံ သမ္မုခီ ဘာဝံ ကရောတိ အဋ္ဌင်္ဂိက မိစ္ဆာမဂ္ဂံ ပဇဟတိ၊ သဗ္ဗ ဝေရဘယာနိ ဝူပသမေန္တိ၊ သမ္မာသမ္ဗုဒ္ဓဿ ဩရသ ပုတ္တဘာဝံ ဥပနေတိ၊ အညေသဉ္စ အနေက သတာနံ အာနိသံ သာနံ ပဋိလာဘာယ သံဝတ္တတီတိဧဝံ အနေကာ နိသံသ ဒါယကေန သောတာပတ္တိ မဂ္ဂေန သမ္ပယုတ္တံ ဉာဏံ သောတာပတ္တိ မဂ္ဂဉာဏန္တိ ဝုစ္စတိ။ ပဌမ မဂ္ဂဉာဏံ နိဋ္ဌိတံ။ (ဝိသုဒ္ဓိမဂ်)။

အပိစခေါ၊ စင်စစ်သော်ကား။ အနမတဂ္ဂ သံသာရ ဝဋ္ဋဒုက္ခသမုဒ္ဒံ၊ အစမထင် သံသရာဝဋ်ဒုက္ခ ဟူသော သမုဒ္ဒရာကို။ သောသေတိ၊ ခန်းခြောက်စေ၏။ သဗ္ဗအပါယ ဒွါရာနံ၊ အသုံးပုံသော အပါယ်တံခါးတို့ကို။ ပိဒဟတိ၊ ပိတ်ဆို့၏။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ အရိယဓနာနံ၊ အရိယာတို့၏ ဥစ္စာဖြစ်သော သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝိရိယ၊ ပညာဟူသော အရိယာ

ဥဿွာခုနစ်ပါးတို့ကို။ သမ္မုခိဘာဝံ၊ မျက်မှောက်၏ အဖြစ်ကို။ ကရောတိ၊ ပြု၏။ အဋ္ဌင်္ဂိက မိစ္ဆာမဂ္ဂံ၊ မိစ္ဆာဒိဋ္ဌိ,မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ ဟူသော မိစ္ဆာမဂ္ဂင်ကို။ ပဇဟာတိ၊ စွန့်၏။ သဗ္ဗဝေရဘယာနိ၊ အလုံးစုံသော ဘေးရန် တို့သည်လည်း။ ဂူပသမေန္တိ၊ ငြိမ်းကုန်၏။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဩရသပုတ္တဘာဝ၊ ရင်၌ ဖြစ်သော သားအဖြစ်သို့။ ဥပနေတိ၊ ဆောင်၏။ အသြေသဉ္စ၊ ထိုမှတပါးလည်း။ အနေကသတာနံ၊ အရာမက များလှစွာကုန်သော။ အာနိသံသာနံ၊ အကျိုး အာနိသင်တို့ကို။ ပဋိလာဘာယ၊ ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အနေကာနိသံသ ဒါယကေန၊ များသော အကျိုးပေးခြင်းရှိသော။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်စိတ်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ ဉာဏံ ဉာဏ်ကို။ သောတာပတ္တိမဂ္ဂဉာဏန္တိ၊ သောတာပတ္တိမဂ်ဉာဏ်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ပဌမ မဂ္ဂဉာဏံ၊ မဂ် ၄-ပါး ရှိသည့် အနက် ပဌမ သောတာပတ္တိမဂ်ဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

အကယ်၍ သက္ကာယဒိဋ္ဌိ ပရမ သောတာပန်ပင် ဖြစ်ဦးတော့၊ ခုနှစ်ဘဝအတွင်း ဖြစ်ရာ-ဖြစ်ရာ ဘဝတို့၌ သစ္စာသိသော ဉာဏ် အမြဲပါသွားသောကြောင့် သစ္စာ သိမှုနှင့် ဆရာရှာရန် မလိုတော့ပြီ မိမိဉာဏ်ဖြင့် အရဟတ္တမဂ်သို့ တက်နိုင်၏။

သောတာပန် တည်လျှင် ဒုစရိုက် ၁၀-ပါး တို့တွင် ကာယကံသုံးပါး, မုသာတပါး, သက္ကာယဒိဋ္ဌိ ဤငါးပါး တို့ အကြွင်းမဲ့ချုပ်၏။

၁။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အားဖြင့် အာသဝေါ ၄-ပါးရှိ၏။ တရားကိုယ်အားဖြင့် ကား တဏှာ ဒိဋ္ဌိ အဝိဇ္ဇာ ဤ ၃-ပါးပင်တည်း။ အနက် အဓိပ္ပါယ်ကို အစဉ်လိုက် သိပါကုန်။ ယိုစီးတတ်, ထုံခွဲ တတ်, မူးယစ်တတ်သောကြောင့် အာသဝမည်၏။ ဤ တွင် သောတာပတ္တိမဂ်သည် ဒိဋ္ဌာသဝကို ပယ်၏။

၂။ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ အားဖြင့် ဩဃ ၄-ပါးရှိ၏။ တရားကိုယ် အားဖြင့် လောဘ ဒိဋ္ဌိ မောဟပင်တည်း။ အသေနှစ်တတ်,နစ်မွန်း စေတတ်, မျောပါးစေတတ်သောကြောင့် ဩဃမည်၏။ သောတာပတ္တိမဂ်သည် ဒိဋ္ဌောဃကို ပယ်၏။

၃။ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာ ယောဂအားဖြင့် ယောဂ ၄-ပါးရှိ၏။ တရားကိုယ်အား ဖြင့် လောဘ ဒိဋ္ဌိ မောဟ ပင်တည်း။ မလွတ်ရအောင် တုပ်နှောင် ဖွဲ့ချည်ခြင်း,မပြေမပြတ်ရအောင် အထပ်ထပ် ရစ်ပတ်ခြင်း, ပူးဝင် တွယ်ကပ် တတ်သော ကြောင့် ယောဂမည်၏။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိ ယောဂကို ပယ်၏။

၄။ အဘိဇ္ဈာ ကာယ ဂန္ထ၊ ဗျာပါဒ ကာယဂန္ထ၊ သီလဗ္ဗတ ပရာမာသ ကာယဂန္ထ၊ ဣဒံသစ္စာ ဘိနိဝေသ

ကာယဂန္ထ အားဖြင့် ၄-ပါးတည်း၊ တရားကိုယ်အားဖြင့် လောဘ ဒေါသ ဒိဋ္ဌိတည်း။ အဖုအဆစ်, အထုံးအဖွဲ့ အငြိအတွယ်ရှိခြင်းကြောင့် ဂန္ထမည်၏။ သောတာပတ္တိမဂ်သည် နွား-ခွေး တို့၏ အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟု ယူသော သီလဗ္ဗတ ပရာမာသ ကာယဂန္ထ ဤသာမှန်သည် ဤမှတပါး အကုန်မှား၏ဟု ယူသော ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထကို ပယ်၏။

၅။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတု ပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူ၍ ဥပါဒါန် ၄-ပါးရှိ၏၊ တရားကိုယ်အားဖြင့် လောဘ ဒိဋ္ဌိ ဤ ၂-ပါးပင်တည်း။ ကာမအာရုံ၌ စွဲလမ်းခြင်း, ဒိဋ္ဌိ အယူမျိုး၌ စွဲလမ်းခြင်း, နွား-ခွေး တို့၏ အကျင့်မျိုးဖြင့် သံသရာမှ စင်ကြယ်၏ဟု စွဲယူခြင်း, ကိုယ်ရှိ၏ဟု စွဲယူခြင်း, ဤ ၄-ပါးပင်တည်း။ သောတာပတ္တိ မဂ်သည် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဤ ၃-ပါးကို ပယ်၏။

၆။ ကာမစ္ဆန္ဒ နီဝရဏ၊ တရားကိုယ်လောဘ၊ ဗျာပါဒ နီဝရဏ၊ တရားကိုယ် ဒေါသ။ ထိန မိဒ္ဓ နီဝရဏ၊ တရားကိုယ် ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ၊ တရားကိုယ်လည်း ၎င်း ၂-ပါးပင်။ ဝိစိကိစ္ဆာ နီဝရဏ၊ တရားကိုယ်လည်း ဝိစိကိစ္ဆာပင်တည်း။ အဝိဇ္ဇာ နီဝရဏကား။ တရားကိုယ် မောဟ၊ ဤသို့ တရားကိုယ်ပေါင်း လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ အားဖြင့် ရှစ်ပါးရ၏။ ကောင်းသော တရားတို့ကို

တားဆီးခြင်း၊ ကန့်ကွက်ခြင်း၊ ပိတ်ပင်ခြင်း၊ ဖျက်ဆီးတတ်ခြင်း တို့ကြောင့် နီဝရဏ မည်၏။ သောတာပတ္တိမဂ်သည် ဝိစိကိစ္ဆာ နီဝရဏကို ပယ်၏။

၇။ ကာမရာဂါနုသယ—တရားကိုယ် လောဘ၊ ဘဝရာဂါ နုသယ—လောဘ၊ ပဋိဃာ နုသယ-ဒေါသ၊ မာနာ နုသယ—မာန၊ ဒိဋ္ဌာ နုသယ—ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနုသယ-ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ နုသယ— မောဟ၊ ဤ၌ တရားကိုယ် ၆—ပါးရှိ၏။ စိတ်သန္တာန်တွင် အစဉ်တွဲကပ် ပါရှိနေသော ဥပ်ဓါတ်မျိုး, ကိန်းဓါတ်မျိုး, ဝပ်ဓါတ်မျိုးကို အနုသယ ဆို၏၊ ထိုအနုသယ ခုနစ်ပါးတို့တွင် သောတာပတ္တိမဂ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ အနုသယ ၂-ပါးကို ပယ်၏။ သစ္စာ ၄-ပါးတို့၌ ယုံမှားမရှိတော့ပြီ။

၈။ ကာမရာဂ သံယောဇဉ်၊ ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ် ထို ၃-ခုတို့၏ တရားကိုယ် လောဘ တခုပင်တည်း။ ပဋိဃ သံယောဇဉ်-ဒေါသ၊ မာန သံယောဇဉ်—မာန၊ ဒိဋ္ဌိ သံယောဇဉ်၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ် ဤ ၂-ပါး၌ တရားကိုယ်မှာ ဒိဋ္ဌိပင်တည်း။ ဝိစိကိစ္ဆာ သံယောဇဉ်မှာ ဝိစိကိစ္ဆာ ပင်တည်း။ ဥဒ္ဓစ္စသံယောဇဉ်မှာ ဥဒ္ဓစ္စပင်တည်း။ အဝိဇ္ဇာ သံယောဇဉ်မှာ အဝိဇ္ဇာပင်တည်း။ ဤ၌ တရားကိုယ်မှာ လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ အဝိဇ္ဇာ ခုနစ်ပါး ရှိ၏။ ဤကား သုတ္တန် နည်းတည်း။ ထိတ်ထောင် နှောင်ကြိုးကဲ့သို့ ဘွဲ့ထားတတ်သောကြောင့် သံယောဇဉ် မည်

၏။ သောတာ ပတ္တိမဂ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးကို ပယ်၏။

၈။ လောဘ ကိလေသာ၊ ဒေါသ ကိလေသာ၊ မောဟ ကိလေသာ၊ မာန ကိလေသာ၊ ဒိဋ္ဌိ ကိလေသာ၊ ဝိစိကိစ္ဆာကိလေသာ။ ထိန ကိလေသာ၊ ဥဒ္ဓစ္စ ကိလေသာ၊ အဟိရိက ကိလေသာ၊ အနောတ္တပ္ပ ကိလေသာအားဖြင့် ကိလေသာ ဆယ်ပါးရ၏။ တရားကိုယ် အားဖြင့်လည်း ၎င်းဆယ်ပါးပင် ဟူလို။ ပူအပ်သောကြောင့်၎င်း ပူတတ်သောကြောင့်၎င်း နှိပ်စက်တတ် သောကြောင့်၎င်း ညစ်ကျုံးတတ်သောကြောင့်၎င်း ကိလေသာမည်၏။ထိုကိလေသာ ဆယ်ပါးတို့တွင် သောတာပတ္တိမဂ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးကို ပယ်၏။

လောဘ တဏှာ၏ နယ်ကျယ်ပုံကား...... ပြခဲ့သော ၈-ဌာနနှ် လောဘကိစ္စ တပ်၏။ ဒိဋ္ဌိသည် ထို ၈-ဌာန အနက် နိဝရဏကိုနှုတ်၍ ကျန်ရှစ်ဌာနနှ် ဒိဋ္ဌိ ကိစ္စတပ်၏။ မောဟ အဝိဇ္ဇာသည် ဂန္ထနှင့် နိဝရဏ ၂-ပါးကို နှုတ်၍ ကျန်ခုနစ် ဌာနနှ် အဝိဇ္ဇာကိစ္စ တပ်၏ ဟူလို။

ဝိပလ္လာသ တို့တွင် သညာ ဝိပလ္လာသ၊စိတ္တ ဝိပလ္လာသ၊ ဒိဋ္ဌိ ဝိပလ္လာသ အားဖြင့် ဝိပလ္လာသ ၃-ပါးပင်တည်း။ မှားသော မှတ်ခြင်း, သိခြင်း, အယူရှိခြင်းပင် တည်း။ အဘယ်ဌာနနှ် မှားသနည်း။ ခန္ဓာ ၅-ပါးနှ် အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာ, အသုဘ လက္ခဏာ ဟူ၍ သာမည လက္ခဏာ ၄-ချက်နှ် မှား၏။

ပုင်းကို ဝိပလ္လာသ ၃-ပါးနှင့် မြှောက်သော်- ဝိပလ္လာသ ၁၂-ပါးဖြစ်၏။ ထို ၁၂-ပါးတွင် သောတာပန်သည် အနိစ္စကို နိစ္စ, အနတ္တကို အတ္တ, ဤ ၂-ချက်၌ မှားသော သညာ စိတ္တ ဒိဋ္ဌိ ၃-ပါးလုံး ချုပ်၏။ ၂-တည်း ၃-နှင့်မြှောက် ၆-ပါးရ၏။ ထိုပြင် အသုဘကို သုဘ, ဒုက္ခကို သုခ, ဤ ၂-ပါး၌မှုကား ဒိဋ္ဌိ ဝိပလ္လာသကိုသာ ပယ်နိုင်၏။ ယခင် ၆-ပါးနှင့်ပေါင်းသော်......သောတာပတ္တိ မဂ်၌ ဝိပလ္လာသ ၈စ်ပါးချုပ်၏။

အသုဘကို သုဘဟု မှားသော သညာ စိတ္တ-ကို အနာဂါမ်မှာ ပယ်၏။ ဒုက္ခကို သုခဟု မှားမှုကို အရဟတ္တ မဂ်မှ ပယ်နိုင်၏။ ။ပြီးပြီ။

လောကဓမ်၈စ်ပါးကို သောတာပန် သကဒါဂါမ်တို့ မပယ်နိုင်။ လာဘော အလာဘော၊ ယသော အယသော၊ နိန္ဒံ ပသံသာ၊ သုခံ ဒုက္ခံ ဟူသော လောကဓမ် ၈စ်ပါး အနက်၊ အလာဘော အယသော နိန္ဒံ ဒုက္ခံ ဤ ၄-ပါးကို အနာဂါမ်မှာ ပယ်၏။ လာဘော- ယသော- ပသံသာ- သုခံ- ဤ ၄-ပါးကို အရဟတ္တမဂ်မှ ပယ်၏။ ထို့ကြောင့် ရဟန္တာ:များမှာ လောကဓမ်ကြောင့် တုန်လှုပ်ခြင်းမရှိ ဟူလို။

အကုသိုလ် စိတ် ၁၂-အနက် သောတာပတ္တိ မဂ်၌ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာ စိတ် ၁၊ ပေါင်းစိတ် ၅-ခု ချုပ်၏။ လောဘမူ ၈စ်ခုအနက်၊ သမ္ပယုတ်စိတ် ၄-ခု ချုပ်သော်လည်း ဝိပ္ပယုတ်စိတ် ၄-ခု

ကျွန်၏။ ထိုဝိပ္ပယုတ်စိတ်နှင့် ယှဉ်သော တဏှာဖြင့် သုခ ဝေဒနာတို့ကို ဝိသာခါ အနာထပိဏ် သူဌေးကြီးများကဲ့သို့ သာယာသော်လည်း ဒိဋ္ဌိပယ်ပြီး ဖြစ်သောကြောင့် ဥပါဒါန် မဖြစ်နိုင်။ ဥပါဒါန်ဟူသည် တဏှာ ဒိဋ္ဌိ ၂-ခု ရောမိမှ ဖြစ်သည်။ ဥပါဒါန် မဖြစ်လျှင် ဘဝမဖြစ်နိုင်။ ဘဝမဖြစ်လျှင် ဇာတိ မဖြစ်နိုင်။ ထိုဝိပ္ပယုတ် လောဘ တဏှာကား အရဟတ္တမဂ်မှ ချုပ်၏။ ထို့ကြောင့် သေက္ခအရိယာတို့မှာ ဝေဒနာနောက် တဏှာဖြစ် သော်လည်း ဩဃ ယောဂ ဂန္ထကိစ္စ မတပ်နိုင်။ ထိုကြောင့် အာသဝ သံသရာစက် မလည်နိုင်ဟူလို။

---

## သောတာပန် သုံးမျိုး ခုနစ်မျိုး တို့၏ အဓိပ္ပါယ်ကို ပြဦးအံ့

ဧကဗီဇ သောတာပန်, ကောလံကောလ သောတာပန်, သတ္တက္ခတ္တုပရမ သောတာပန်, ဤကား သောတာပန် ၃-မျိုး ရေတွက်ရန်တည်း။ ဧကဗီဇ သောတာပန်ဟူသည် ယခုဘဝမှာ သောတာပန် ဖြစ်၍ ယခုဘဝမှာ ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သော သောတာပန်ကို ဧက ဗီဇ သောတာပန်ဟုဆို၏။ ကောလံ ကောလ သောတာပန် ဖြစ်ခဲ့မူ ၂-ဘဝနှင့်လည်း ရဟန္တာ ဖြစ်၏။ ၃-ဘဝနှင့် လည်း ရဟန္တာ ဖြစ်၏။ ၄-ဘဝ နှင့်လည်း ရဟန္တာ ဖြစ်၏။ ၅-ဘဝနှင့်လည်း ရဟန္တာ ဖြစ်၏။ ၆-ဘဝနှင့် လည်း ရဟန္တာဖြစ်၏။ ၎င်း ၂-မှ ၆-ထိ ပုဂ္ဂိုလ်များသည်

ကောလံကောလ သောတာပန်မည်၏။ ၇-ဘဝမှ ရဟန္တာ ဖြစ်သော ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန် မည်၏။ သောတာပန်အပြားကို ဤသို့ သိအပ်၏ ဟူလို။

ထို သောတာပန် ခုနစ်မျိုး တို့တွင် ဤဘဝ မှာပင် ဧကဗီဇ သောတာပန် အဖြစ်နှင့် အရဟတ္တဖိုလ်သို့ တက် လိုလျှင် ရသော ရဟန်း ပြုခြင်း ခေါင်းပါးစွာ ကျင့်မှု ကိစ္စ တို့ကို အားထုတ်အပ်ပေသည်။ ဤမှ တပါးသော သော တာပန်များ အတွက်မူကား ပြဆိုထားသော ဝိပဿနာ များ ပွားများလျှင်၊ သကဒါဂါမ် အနာဂါမ်စသည့် ရနိုင် ရောက်နိုင်၏ ဟူလို။ ။ပြီးပြီ။

---

## သောတာပန်တို့ ရအပ်သော အကျိုးကို ပြဦးအံ့

ချစ်သားရဟန်းတို့၊ မြင့်မိုရ်တောင်မှ ပဲစေ့ခန့်ရှိသော ကျောက်ခဲကို ပွဲ၍ယူအံ့။ အကျန် မြေနှင့် ဘယ်သင်းက များသနည်းဟု မေး၏။ ကျန်သော မြေက များပါသည် ဘုရားဟု သာဝကတို့က လျှောက်ကြ၏။ ဤအခါ မြတ်စွာ ဘုရားက ထို့အတူ သောတာပန်တို့၏ ကျွတ်လွတ်ပြီး ဒုက္ခကား မြင့်မိုရ်တောင်မျှရှိပြီး ကျန်သော ဝဋ်ဒုက္ခကား ယခင်ပွဲ၍ယူသော ကျောက်ခဲလောက်သာ ရှိတော့၏ဟု မိန့်တော်မူ၏။

ထိုပြင် ချစ်သားတို့ ငါမေးဦးအံ့။ သမုဒ္ဒရာ လေးစင်း ထဲက ရေကို သမန်းမြက်ဖျားနှင့်နှစ်၍ ကပ်ပါလာသော ရေနှင့် ကြွင်းကျန်သောရေ ဘယ်က များမည်နည်းဟု

မေး၏။ ထိုအခါ ရဟန်းများက သမန်းမြက်များမှ ကပ်၍ ပါသော ရေကား မပြောပလောက်ပါ၊ ကျန်သော ရေက အလွန်များပါသည်ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက ဤအတူ သောတာပန်တို့ ကျွတ်လွတ်ပြီး ဝဋ်ဒုက္ခကား သမုဒ္ဒရာ လေးစင်းရေလောက်ရှိပြီး ကျန်သောဒုက္ခကား သမန်းမြက်ဖျားတွင် ပါသော ရေလောက်သာ ကျန် တော့သည်၊ ထို့ကြောင့် သောတာပတ္တိမဂ် စသော မဂ် ဖိုလ်နိဗ္ဗာန်သည် အလွန်ကျေးဇူးများသည်။ ထိုကြောင့် သစ္စာသိအောင် အားထုတ်ကြဟု မိန့်တော်မူ၏။

## ပုထုဇဉ်ခန္ဓာ၌ အားထားစရာ မရှိပုံ

အကယ်၍ သောတာပတ္တိမဂ်လောက်မျှ မရသေး သော ပုထုဇဉ်ဖြစ်ခဲ့လျှင် ယခင်က ပြဲ၍ယူသော ကျောက် ခဲလောက်သာ သုဂတိဘဝကို ရနိုင်၏။ ဒုဂ္ဂတိ ဘဝရမှု ကား မြင့်မိုရ်တောင်လောက်ဟု ဆိုအပ်၏။ တနည်း၊ သမန်းမြက်ဖျား၌ ကပ်၍ပါသောရေလောက်သာ သုဂတိ ဘဝကို ရနိုင်၏။ဒုဂ္ဂတိဘဝကား သမုဒ္ဒရာရေလောက်ပင် ရခွင့်ရှိ၏ဟူလို။ ထိုကြောင့် သံသရာ၌ ကျင်လည်ရသည့် အခါ အပါယ်ဘေးကို အလွန်ကြောက်စရာ ကောင်း သည်။ ထိုဘေးတို့မှ ကင်းလွတ်ခြင်းငှါ သစ္စာသိ၍ သော တာပန် ဝည်အောင် အားထုတ်သင့်ကြ ပေသည်ဟူလို။

**မေး။** ။ခန္ဓာ၌ အားထားစရာများ ရှိပါ၏လော။

**ဖြေ။** ။ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာဟု ဟောတော် မူသော ကြောင့် ပုထုဇဉ်ခန္ဓာ၌ အားထားစရာ မရှိပါ၊

အပါယ်ဘေး သံသရာဘေး တို့မှ ကင်းလွတ်အောင် မစွမ်းနိုင်ပါ။ သောတာပန် စသော အရိယာခန္ဓာကို ရမှသာ အပါယ်ဘေး သံသရာဘေး တို့မှ ကင်းလွတ်နိုင်ပေမည်။ ထို့ကြောင့် ပုထုဇဉ်ခန္ဓာမှာ အားထားစရာ မရှိပါ ဟူလို။

## ဘဝတိုင်း ကောင်းမှု မပြုနိုင်ပုံ

မေး။ ။မဂ်ဖိုလ်ကို မရသေးသော်လည်း ဘဝတိုင်း ဘဝတိုင်း ကောင်းမှုပြုလျှင် အပါယ်မှ မလွတ်နိုင်ဘူးလား။

ဖြေ။ ။ပုထုဇဉ်မှန်သမျှ ဘဝတိုင်း ဘဝတိုင်း ဆက်ခါဆက်ခါ ကောင်းမှုပြုနိုင်ခွင့် မရှိသောကြောင့် အပါယ်မှ မလွတ်နိုင်ပေ။ အကြောင်းမှာ သံသရာ၌ ကျင်လည် ရသည့်အခါ သမ္ပတ္တိခေတ် ဝိပတ္တိခေတ် ဆုတ်ကပ် တက်ကပ်ရှိမြဲပင်တည်း။ ဝိပတ္တိခေတ်မှာ သတ္တဝါတို့ သန္တာန်၌ လောဘ ဒေါသ မောဟ အဘိဇ္ဈာ ဗျာပါဒ စသော အကုသိုလ်တရားတို့ အားကြီးလွှမ်းမိုးနေပေသည်။

ထို လွှမ်းမိုးပုံကို သုတ်ပါထေယျ အဋ္ဌကထာ၌ ပြဆိုသည်မှာ အသက် ၅စ်သောင်းတမ်းမှာ အရှင်မပေးသောသူ့ပစ္စည်းကို ခိုးယူတတ်သော အဒိန္နာဒါနကံ ဖြစ်ပေါ်ကြောင်း။ လေးသောင်းတမ်းမှာ မဟုတ်မမှန်ချွတ်ယွင်းစွာပြောသော မုသာဝါဒကံဖြစ်ပေါ်လာကြောင်း။ နှစ်သောင်းတမ်းမှာဂုံးဘိုက်ဂုံးချော၍ သူနှစ်ဦးတို့ကို အချစ်ပျက်စေ

တတ်သောပိသုဏာဝါစာဖြစ်ပေါ်လာကြောင်း။ တသောင်းတမ်းမှာ ကာမေသုမိစ္ဆာစာရကံ ဖြစ်ပေါ်လာကြောင်း။ ငါးထောင်တမ်းမှာ သူ့အသက်သတ်ခြင်း ကြမ်းတန်းသော စကားဆိုခြင်း ဟူသော ပါဏာတိပါတ ဖရုသဝါစာ ဖြစ်ပေါ်လာကြောင်း။ နှစ်ထောင့်ငါးရာ တမ်းတွင် အဘိဇ္ဈာ ဗျာပါဒ မနောကံနှစ်ပါး ဖြစ်ပေါ်လာကြောင်း။ နှစ်ထောင်တမ်းမှာ မိစ္ဆာဒိဋ္ဌိနှင့် သမ္ဖပ္ပလာပ ဒုစရိုက်ဖြစ်ပေါ်လာကြောင်း။

ထိုကြောင့် ဆုတ်ကပ် အခါမှာ ဒုစရိုက် ၁၀-ပါးဝုံရကား ပုထုဇဉ်တို့မှာ ထိုမကောင်းမှုတို့ကို ထိုက်သည်အားလျော်စွာ ပြုမိကြတော့၏။ ထို့ကြောင့် အပါယ်မှ မလွတ်နိုင်။ တနည်းအားဖြင့်လည်း မိမိတို့ ယခုပစ္စုပ္ပန်၌ ဖြစ်နေသော စိတ်ကိုပင် ဆင်ခြင်ကြည့်ပါလျှင် မကောင်းသော ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက် အကြံကများ၏။ တနည်း၊ ကုသိုလ်စိတ်က နည်း၍ အကုသိုလ်စိတ်များတတ်၏။ ထိုကြောင့်လည်း သုဂတိဘဝ မမြဲနိုင်ဟူလို။

## ကျက်မှတ်သားရန်

၁။ ရှစ်-ဒိန် လေး-မု၊ ပိသု-ဒွယ၊ ကောမိစ္ဆာ ငါးထောင် ပါဏာ၊ ဖရုသ၊ ကြမ်းလှ ထို ဝါစာ။

၂။ နှစ်ထောင့် ငါးရာမှ၊ ခေတ်သမယ၌၊ ဖြစ်ထအဘိဇ်-ဗျာ၊ နှစ် ထောင် ခါ ၌၊ မှား ဒိဋ္ဌိ၊ ပြောအဘိ

သမ္ဗုဒ္ဓလာပါ၊ သုတ်ပါထေယျ၊ကျမ်းဝယ္ဓ၊ ဟောခပြ
ဤသို့သာ။

ပုထုဇဉ်မှန်သမျှ ဘဝဂတိ မမြဲပုံ ပြဆိုချက် ပြီးပြီ။

**အပါယ်သို့ ကျသော အမျိုးမျိုး ဖြစ်ရပုံ**

သုဂတိ မမြဲ၍ အပါယ်သို့ ကျရာ၌ အပါယ် သတ္တဝါ အမျိုးမျိုးဖြစ်ရပုံကို သံဝေဂယူရန် အနမတဂ္ဂသုတ် အရ ညောင်ပင်သာဆရာတော် စီကုံးထားသော လင်္ကာဖြင့် ပြဦးအံ့။ ဤ၌ ကျယ်မည် စိုး၍ လိုရင်း လောက်ကိုသာ ပြပေအံ့။

ဇာတိမင်း စိုးရှိ၍၊ ဘုံ ၃၁၊ ဘဝခေတ်တွင်၊ နစ်သူ တမွှားမွှား၊ပေါ်သူ တကြွားကြွား၊ မေ်သူ တဟားဟား၊ တရားနှင့် စစ်လိုက်တော့၊ ဖြစ်သူဖြစ်၊ ပျက်သူပျက်၊ တက်သူတက်၊ ဆင်းသူဆင်း၊ လောကဓံ မဟောင်း၍၊ ပြပွဲမင်းဖြစ်တုန်းက၊ လျှပ်စစ်လိုကိုယ်ရောင် တပြောင် ပြောင်၊ တသက်လက်၊ ဝက်ဖြစ်တော့ တအွတ်အွတ်၊ မြင့်မိုရ်ထွင့်ထိပ်ဖျား၌၊ သိကြားမင်း ဖြစ်တုန်းက နတ် ဘုရင်၊ လူ့ပြည်တွင် သွတိုက်၊ မောဟိုက်၍ တရှုရှု၊ခုနစ် ဆူရတနာနှင့်၊ စကြာမင်းဖြစ်တုန်းက ဘုန်းတေဇာကဲမိုး၊ လေးကျွန်းလုံး အုပ်စိုး၊ တန်ခိုးကြီးမား၊ ခွန်းစလွှား ဘဝ မှာတော့၊ တနပ်စာမျှ စားစရာ၊ တရွာလုံး တောင်းမရ သုခနှင့် ဒုက္ခ၊ တွေ့ကြုံမြဲ မရျှ၊ ဘဝက အလွန်မြား နွားဖြစ်၍ ဝန်ရုန်း၊ တကုန်းကုန်း ဆင်းရဲနက်၊ ဝက်ဖြစ်၍ လှန်နှင့်သေ။ အံကုသိုလ် မွေ့သောကြောင့် ရေမှာဖြစ်

မြေမှာဖြစ်၊ အညှိဖြစ် အဥဖြစ်၊ ကိုယ်တွင်းဖြစ် ဝမ်းတွင်း
အောင်း၊ ကောင်းသည့်ကား တဘဝ၊ မကောင်းသည့်
ကား အနန္တ၊ ဒုက္ခကဲပို၊ ဦးချိုနှင့် တမောက်မောက်၊
အတောင်ရောက်' အမြီးပေါက်၊ ၂-ချောင်းထောက်၊
၄-ချောင်းထောက်၊ မှောက်လျက်သွား၊ ဗိလာသွား၊
ခြေများခြေနည်း၊ ခြေမရှိ အချည်း နှီး၊ ရုပ်ပုံလည်းမတူ
ဖြူတခါ ညိုတခါ၊ အဝါ အမှောင်၊ အကြောင် အကြား၊
အထွေထွေ ဆန်းပြား၊ စကားပြောနိုင်တဲ့ ဘဝပြော၊
တုဏှိဘောဖြင့် မပြောနိုင်တဲ့ ဘဝ မပြော၊ ချောတဲ့ ဘဝ
ချော၊ ကြမ်းတဲ့ဘဝ ကြမ်း၊ ဘရမ်းဘတာ၊ ကြောက်စရာ
သံသရာ၊ ရေမှာ ကျက်စား၊ မြေမှာကျက်စား၊ ကောင်း
ကင်မှာ ကျက်စား၊ ငါးဖြစ်တုံ ဘားဖြစ်တုံ၊ ကြုံရသည့်
အကြမ်ကြမ်၊ ရှိန်တခါ မှိန်တခါ၊ တောက်တခါ မှေးတခါ၊
အောက်မှာ နရက်၊ အထက်မှာ ဘဝဂ်၊ ကြွက်ကြွက်ဆူ
ဗလဗွေ၊ ရုပ်လို့သာနေရေ့၊ သေလို့လည်း မဆုံး၊ နာလို့
လည်း မဆုံး၊ ဝဲသှည့်သည့် သစ်တုံးကဲ့သို့၊ ဆုံးမမြင်
စမမြင်၊ စက်ရှင် ယန္တရား၊ ချာလည်ပတ်တဲ့ ရဟတ်ချား၊
ဆုံလည်သည့် နွားကဲ့သို့ ငါးပါးသော ဂတိဖြင့်၊ တယိယိ
ပင်ပန်း၊ နွမ်းတယ် လို့လည်း မကြောက်၊ ပန်းတယ်
လို့လည်း မကြောက်၊ ၆-အာရုံ နှောက်သောကြောင့်
အကောက်ကို အဖြောင့်မှတ်၊ အမြတ်ကို အယုတ်ထင်၊
ကာမဂုဏ် ဝင်သဖြင့်၊ အထင်မှား အမြင်မှား ထက်
လှသည့် သင်ရုန်းသွားဝယ်၊ တင်ထားသည့် ပျားရေ
စက်၊ လျက်မိလျှင် တခါထဲ၊ လျှာထက်ခြမ်း ဗျမ်းဗျမ်း

ကြီး ကွဲသကဲ့သို့၊ လွဲသူသာ များချေသည်။ အသိဉာဏ် ယွင်းယို၊ ငါ့ကိုယ်ဟုမှတ်မှား၊ မာနက တကြွားကြွား၊ သိ လက ခေါင်းပါး၊ ဘာဝနာက တက်တက်ရှား၊ ငါ့မယား၊ ငါ့သားဟု စွဲလမ်းချက် ကြီးမား၍၊ လေးပါးသော ဥပါ ဒါန်၊ ဟုတ်ရာကို မကြံဘဲ၊ ဘောက်ပြန် သူသာ များချေ သည်။ အရှည့်တွင်လည်း သံသရာ၊ အချည့်တွင်လည်း တဏှာ၊ သံသရာ တိုအောင်၊ တဏှာကိုရှောင်၊ တောင် တွင်လည်း မြင့်မိုရ်၊ မြင်းတွင်လည်း အသာတိုရ်၊ ဂုဏ် ရှိရာ ဆိုခဲ့မည်၊ မြင့်မိုရ်ကိုပုံပြု၍ ကုသိုလ်ကို၊ များအောင်ပြု ကောင်းမှုကို များအောင်ကြံ၊ သတ္တဝါကောင်း မကောင်း၊ အကြောင်းသာ စီမံသည်၊ ကံလျှင် အမိ၊ ကံလျှင် အဖ၊ သည်တရား ဧကန္တ၊ ကံမြင့်မှ မြင့်သတဲ့၊ ကံဆင့်မှ ယဉ် သတဲ့၊ ကံပေးမှ ဌေးသတဲ့၊ကံညွှန်းမှ ထွန်းသတဲ့၊ ကံပေါ် မှ ကျော်သတဲ့၊ မော်လို့များ ငါတကားဟု၊ ဝါကြွားကာ မယောင်ကြနှင့်၊ ကံပြောင်အောင်ကုသိုလ်မျိုးကို ကြိုးစား ၍ ပြုကြရမည်။ သို့ဖြစ်သည်ကြောင့်–

ပုညံ ဘိက္ခဝေ-မာ ဘာယိတ္ထ၊
ပုညံ ဘာယတော-သုခံ ဘာယတိနာမ။

ဘိက္ခဝေ၊ သူတော်ကောင်းတို့။ ဝါ၊ သံသရာဘေးကို ပြေး၍ပင် မကြည့်သော်လဲ၊ မိမိကိုယ်တွင် ငါကဘဲဟု၊ လိပ် ခဲဘန်းလန်း၊ ဟုတ်မှန်းတိတိ၊ မြင်သိလေ့ ရှိကြပေ ကုန်သော သူတော်ကောင်းအပေါင်းတို့။ ပုညံ၊ ကောင်းမှု ပြုရန် ကိစ္စကို။ တုမှေ၊ သင် တို့သည်။ မာဘာယိတ္ထ၊

မကြောက်ကြကုန်လင့်။ ပုညံ၊ ကောင်းမှုပြုရန် ကိစ္စကို။ ဘာယတော၊ ကြောက်သောသူအား။ သုခံ၊ လူ နတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို။ ဘာယတိနာမ၊ ကြောက်သည် မည်၏။ ။ပြီးပြီ။

ပြဆိုခဲ့သည့်အတိုင်း မည်သည့် ပုထုဇဉ်မဆို အပါယ်၌ကျခဲ့ဘူးလှပြီ၊ အဝိဇ္ဇာဖုံးသောကြောင့် မသိမမြင် ရှိကြ၏။ ထိုအဖြစ်မျိုးတို့သည် ငါတို့နှင့်မဆိုင်ဟု မထင်ကြနှင့်၊ သာမည ပုထုဇဉ်ကို ထားဘိဦး။ ဘုရားအလောင်းတော်သော်မှသည်း ငါးရံ့မင်း၊ ငုံမင်း စသည် ဖြစ်ရသေး၏။ ထိုကြောင့် သောတာပတ္တိမဂ် စသည်ကို ရအောင် အားထုတ်သင့်ကြပေသည်ဟူလို။ ။သံဝေဂယူပုံ ပြီးပြီ။

## သံဝေဂလျှင်စွာရခြင်းဌါကျက်မှတ်၍ ဆင်ခြင်ပွားများနည်း

ဖြစ်ရ ပျက်ရ၊ ပြုပြင်ရကြောင့်၊ မချ သင်္ခါရဒုက္ခံ။ ။ဇာတိ ဇရာ၊ ဗျာဓိ မရဏာ၊ သောကစသည်၊ ကာယိက ဒုက္ခံ၊ စေတသိက ဒုက္ခံ။ ။အပ္ပိယ သမ္ပယောဂနှင့်၊ ပိယ ဝိပ္ပယောဂံ၊ ယမ္ပိစ္ဆံ နလဘတိနှင့်၊ တည်ရှိခန္ဓာ ပဉ္စကံ။ ထိုထို တောဘုမ္မက၊ ဝဋ်ဒုက္ခ၊ မချငြီးငွေ့ရန်။ ။သုဂတိ ဘဝ၊ အဖြစ်မမြဲသဖြင့်၊ ငရဲတိရစ္ဆာန်။ ။အသူရကာယ် စ၊ ပြိတ္တာဘဝ၌ ဖြစ်ရတန်တန်။ ။လက်သည်း ပေါ်တိ၊ မြေမှုန့်ရှိမျှ၊ သုဂတိ သုခံ။ ။မဟာပထဝီ၊ မြေမှုန့်အမျှ၊ ဒုဂ္ဂတိ ဘဝ၊ ရကြ ဒုက္ခက္ခံ။ ။ဤကား သံဝေဂ ယူရန်။

ဖြစ်လျှင် ပျက်ရ၊ ချုပ်မှ သုခနိဗ္ဗာန်။ ။သံဝေဂရမှု၊ ဉာဏ်ဖြင့်ရှု၍၊ ပယ်မှုဘဝတဏှာ။ ။ဇာတိချုပ်မှု၊ နှစ်သက်ပြု၍၊ ကျင့်မှု သမ္မာဒိဋ္ဌိမဂ္ဂံ။ ။ဤသို့ သမ္မာဒိဋ္ဌိမှု၊ ဉာဏ်မြင်ရှုက၊ မဂ္ဂဖလ ရအပ်နိဗ္ဗာန်။ ။ဤလင်္ကာများ ကျက်မှတ်၍ သံဝေဂယူပြီးလျှင် ခန္ဓာအာယတန ဘို့၌ ခင်တွယ်သော တဏှာ ဥပါဒါန်တို့ကို ပယ်၍ သောတာပန် တည်အောင် အားထုတ်ကြပါဟူလို။

မြတ်စွာဘုရားသည် လောကအရှုပ်အထွေးကို သစ္စာ ၄-ပါး စကား ၂-ခွန်းဖြင့် ဆုံးဖြတ်တော်မူ၏။ ဓမ္မစကြာ အရ ဆုံးဖြတ်တော်မူပုံ......

၁။ ဇာတိစသော ဒုက္ခဘို့သည် လိုချင် ခင်တွယ်မှု တဏှာကြောင့် ဖြစ်၏။ ဤ၌ စကားတခွန်း။

၂။ ထိုတဏှာကို မဂ်ဖြင့်ပယ်က ဇာတိချုပ်၏။ ဤ၌ စကားတခွန်း၊ ဤစကား ၂-ခွန်းပင်တည်း။

## ကျက် မှတ်ရန်

တဏှာ သမုဒယကြောင့် ဖြစ်ထ ဇာတိဒုက္ခံ။
တဏှာပယ်မှု၊ အကြောင်းပြု၊ ချုပ်မှု ထို ဒုက္ခံ။

ဤ၌ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော သစ္စာ ၄-ပါး အဓိပ္ပါယ်ပင် ဟူလို။

ထို သစ္စာ ၄-ပါး စကား ၂-ခွန်းဖြင့်ပင်လျှင်၊ အဟံ နုခါ အသွိ၊ နောနုခါ အသွိ စသဖြင့် ရှေးက ငါဖြစ်ခဲ့ဘူးသလော၊ ရှေးက မဖြစ်ခဲ့ဘူးဘဲ ယခုမှ ဖြစ်ပေါ်လာ

လေသလော။ ဤသို့စသဖြင့် အတိတ် ၅-ပါး၊ အနာဂတ် ၅-ပါး၊ ပစ္စုပ္ပန် ၆-ပါး၊ ဤ ၁၆-ပါးသော ယုံမှားခြင်းနှင့် တကွ သက္ကာယ ၂၀၊ အဟောဒုက,နတ္ထိက, အကြိယ-စသော အလုံးစုံသော ဒိဋ္ဌိတို့ကို နစ်စေ၏။ ဝါ၊ ချုပ်စေ၏။ ဝါ၊ ယုံမှား ကင်းစေ၏ ဟူလို။

မှတ်ရန် အထူးမှုကား၊ ရှေးရှေး အတိတ် ကာလတို့ကလည်း တဏှာ သမုဒယကြောင့် ဇာတိစသော ဒုက္ခဖြစ်၏။ ယခုလည်း သမုဒယကြောင့် ဒုက္ခ ဖြစ်နေသဲပင်တည်း။ အကယ်၍ နိဗ္ဗာန်မရသေးလျှင် ထို့အတူ တဏှာကြောင့် ဒုက္ခဖြစ်ဦးမည်ပင် ဟူလို။

ဤသို့ ပရမတ္ထ သစ္စာအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ ဖြစ်နေမှု မဟုတ်၊ သမုဒယကြောင့် ဒုက္ခဖြစ်နေမှုဟု ရှုအပ်၏ ဟူလို။

ဘုရားစသော သူတော်ကောင်းတို့သည် မဂ်အကျင့်ဖြင့် ဘဝတဏှာ ဇာတိဒုက္ခဘို့ကို ချုပ်စေ၍ နိဗ္ဗာန်ကို မျက်မှောက် ပြုတော်မူကြ၏။ ဤနှလည်း ဒုက္ခ ချုပ်မှုပင် ဟူလို။

လောက အရှုပ်အထွေး ဆုံးဖြတ်ပုံ ပြီး၏။

---

## တဏှာမှ နိဗ္ဗာန်သို့ ထွက်ပုံ

တဏှာမှ နိဗ္ဗာန်သို့ ထွက်၏ ဟူသည်တွင်၊ ဘယ်ဘုံ ဘယ်ဘဝကိုမျှ အလိုမရှိတော့ပါဟု အာလယ ပြတ်ကင်းသော မဂ်စိတ်ကိုပင် မှတ်ဘို့ပါဘဲ။

တနည်း၊ တဏှာမှ နိဗ္ဗာန်သို့ ထွက်၏ ဟူသည်တွင် ခန္ဓာ၌ ရှိသော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ကို မြင်သိသဖြင့်၊ ထိုခန္ဓာ ၅-ပါး၌ လိုချင် ခင်တွယ်မှုကို ပယ်သော မဂ်စိတ်ကိုပင် မှတ်ဘို့ပါဘဲ။

## သတ္တဝါများ သံသရာမှ မလွတ်နိုင်ပုံ

မေး။ ။၃၁-ဘုံမှ မလွတ်နိုင်အောင် အဘယ်တရား ဖွဲ့ချည် ထားပါသလဲ။

ဖြေ။ ။ခန္ဓာ အာယတနတို့၌ လိုချင် ခင်တွယ်သော တဏှာ သံယောဇဉ် ဖွဲ့ချည်ထားပါသည်။

## ဖွဲ့ချည်ပုံ

တဏှာ ဒုတိယော ပုရိသော၊
ဒီဃမဒ္ဓါန သံသာရံ။
ဣတ္ထဘာဝညထာ ဘာဝံ၊
သံသာရံ နာတိဝတ္တတိ။ (ဓမ္မပဒ)

တဏှာ ဒုတိယော၊ လိုချင် ခင်တွယ်မှု၊ တဏှာ သံယောဇဉ် ဟူသော အဖေါ်သဟဲရှိသော။ ပုရိသော၊ သတ္တဝါသည်။ ဒီဃမဒ္ဓါန သံသာရံ၊ ရှည်မြင့် စွာသော သံသရာ ကာလပတ်လုံး။ ဣတ္ထဘာဝညထာ ဘာဝံ၊ ဤသို့သော အခြင်းအရာ အားဖြင့် လူနတ် ဖြဗ္ဗာဖြစ်ခြင်း, တပါးသော အခြင်းအရာအားဖြင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် ၄-ဘုံတို့၌ ဖြစ်ခြင်းဟု ဆိုအပ်သော။ သံသာရံ၊ ဇာတိ ဇရာ ဗျာဓိ မရဏ သံသရာ ရဟတ်

ချား၊ ဆုံလည်နွားကဲ့သို့၊ တဝဲလည်လည်၊ ကျင်လည်၍ နေရသော သံသရာကို။ နာတိဝတ္တတိ–နအတိ ဝတ္တတိ၊ မလွန်မြောက်နိုင်။ ဥပမာ—နွားကို ကြိုးဖြင့် တိုင်မှာ ချည်ထားလျှင် တိုင်မှ နွားမရွေ့နိုင်သကဲ့သို့၊ ထိုအတူ ခန္ဓာ၌ စိတ်ကို တဏှာဖြင့် ဖွဲ့ချည်၍ ထားလေတော့၏။ ဥပမေယျသော်ကား တိုင်သည် ခန္ဓာနှင့်တူ၏။ ခင်တွယ်သော တဏှာသည် ကြိုးနှင့်တူ၏။ နွားသည်တိုင်၌သာ တည်နေရ သကဲ့သို့ စိတ်သည် ခန္ဓာကို ငါ–ငါ၏ဥစ္စာ ဟူသော သက္ကာယဒိဋ္ဌိဖြင့် ခင်တွယ်မှု၌သာ တည်နေလေတော့၏။ ထို့ကြောင့် တဏှာ သံယောဇဉ်သည် သံသရာမှ မထွက်နိုင်အောင် ဖွဲ့ချည်ထား၏ ဟူလို။

သံသရာ၌ ဖွဲ့ချည်ထားသော လက်သယ်ပြပုံ ပြီးပြီ။

---

## သူတော်ကောင်းတို့ နိဗ္ဗာန်သို့ထွက်ပုံ

တေ သပ္ပုရိသာ ဓာတိမရဏာ သန္တဝေ ဥပါဒါနေ ဘယံ ဒိသွာ ဓာတိမရဏသင်္ခယေ အနုပါဒါနေ ဝိမုစ္စံသု။

တေသပ္ပုရိသာ၊ ထို ဘုရားစသော သူတော်ကောင်းတို့သည်။ ဓာတိ မရဏ သန္တဝေ၊ ဓာတိ မရဏ၏ အကြောင်းဖြစ်သော။ ဥပါဒါနေ၊ တဏှာ ဒိဋ္ဌိဖြင့် ငါ–ငါ၏ ဥစ္စာဟု စွဲယူသော ဥပါဒါန်တရား၌။ ဘယံ၊ သံသရာကို ရှည်စေခြင်း အပါယ်သို့ ချတတ်ခြင်းဟူသော ဘေးကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဂါ၊ မြင်သောကြောင့်။ အနုပါဒါနေ၊ တစုံတရာ စွဲယူစရာ မရှိသော။ ဓာတိမရဏ

သင်္ခယော၊ ပဋိသန္ဓေနေရခြင်း သေရခြင်း ဒုက္ခတို့မှ ကုန်ရာဖြစ်သော နိဗ္ဗာန်၌။ ဝိမုတ္တိံသု၊ လွတ်ကြကုန်၏။

ဇာတိ၏ အကြောင်းဖြစ်သော တဏှာ ဥပါဒါန်ကို ပယ်သောကြောင့် ဇာတိကုန်ရာ နိဗ္ဗာန်သို့ ရောက်၏။ ဟူလို။ အကြင်ယောဂီပုဂ္ဂိုလ်တို့မှာ မိမိတို့ သန္တာန်၌ တဏှာဒိဋ္ဌိဖြင့် စွဲယူမှုရှိ-မရှိကို ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်၍ တဏှာ ဒိဋ္ဌိ အစွဲမရှိကနိဗ္ဗာန်ကို ရပြီဟု ဆုံးဖြတ်အပ်၏ ဟူလို။

## သစ္စာသိက နိဗ္ဗာန်ရမှု အစန္တောဂတဖြစ်ပုံ

တေသမေဝ အဝိဇ္ဇာ တဏှာ သင်္ခါတာနံ ဝဋ္ဋ မူလာနံ နိရောဓေန အနုပ္ပါဒ ဓမ္မတာ ပတ္တိယာ သစ္စပဋိဝေဓတော သိဒ္ဓါယ အပ္ပဋိဝတ္တိယာ ဝဋ္ဋံ နိရုဇ္ဈတိ။ (ဋီကာကျော်ပါဌ်)

အဝိဇ္ဇာ တဏှာ သင်္ခါတာနံ၊ အမှန်မသိမှု အဝိဇ္ဇာ၊ လိုချင်မှု တဏှာဟု ဆိုအပ်ကုန်သော။ တေသမေဝ ဝဋ္ဋမူလာနံ၊ ထိုဝဋ်မြစ်နှစ်ပါးတို့၏ သာလျှင်။ သစ္စပဋိဝေဓတော၊ သစ္စာကို ထိုးထွင်း၍ သိသည်မှ နိရောဓေန၊ ချုပ်သဖြင့်။ အနုပ္ပါဒ ဓမ္မတာ ပတ္တိယာ၊ တဘန် အသစ် မဖြစ်သော သဘောသို့ ရောက်ခြင်း၏။ သိဒ္ဓါယ၊ ပြီးသည်၏ အဖြစ်ကြောင့်။ အပ္ပဋိဝတ္တိယာ၊ တဖန် အသစ် မဖြစ်မှု၍။ ဝဋ္ဋံ၊ ဝဋ်သည်။ နိရုဇ္ဈတိ၊ ချုပ်၏။

သစ္စာသိလျှင် မသိမှု, လိုချင်မှု, အဝိဇ္ဇာ တဏှာ မူလ ၂-ပါး ချုပ်သောကြောင့်၊ တဘန် မဖြစ်မှု၍

ဖြစ်ပ်သော အနုပ္ပါဒနိရောဓ နိဗ္ဗာန် ရမှုကိစ္စ အနဿောဂတ ဖြစ်၏ဟူလို။

## နိဗ္ဗာန်နှင့် မဂ်စိတ် တွေ့သိပုံ

ဒုက္ခာ သင်္ခါရာ သုခေါ နိရောဓောတိ ဒဿနံ ဒုဘတော ဝုဋ္ဌိတာ ပညာ ဖဿေတိ အမတံ ပဒံ။ (ပဋိသမ္ဘိဒါမဂ်)

သင်္ခါရာ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရ တရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲဒုက္ခတို့သာတည်း။ နိရောဓော၊ တဘန် မဖြစ်မှု၍ ချုပ်ခြင်းသည်။ သုခေါ၊ ချမ်းသာအစစ်တည်း။ ဣတိဒဿနံ၊ ဤသို့သော ဉာဏ်အမြင်သည်။ ဒုဘတော ဝုဋ္ဌိတာ၊ သုခနှင့် ဒုက္ခကို ခွဲခြား၍ မသိအောင် ဖုံးထား သော အဝိဇ္ဇာမှ ထသော။ ပညာ၊ ပညာသည်။ အမတံ၊ သေခြင်း ကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဖဿေတိ-ဖုသတိ၊ တွေ့ထိသည်မည်၏။ ဝိန္ဒတိ၊ ရသည် ရောက်သည် မည်၏ ဟူလို။

## ပဌမ မဂ်မှ အထက် မဂ်သို့ တက်ရန် ဝိပဿနာ ပွားနည်း

ပြဆိုခဲ့ပြီးသော ကထာ များမှာ၊ သောတာပတ္တိမဂ် အတွက် အထူးပြု၍ ရေးခဲ့၏။ အကယ်၍ အထက်မဂ်ကို တက်လိုသော် အဘယ်ကဲ့သို့ အားထုတ်ရ မည်နည်းဟု သိလိုကြ၏။ ထို့ကြောင့် ပြဦးအံ့။

အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာများမှာ သောတာပတ္တိ မဂ်ကို ပွားစဉ်ကပင် မြင်သိသဖြင့် ဘဝတဏှာကို ပယ်

ပြီးဖြစ်၏။ သကဒါဂါမိ အနာဂါမိများ အတွက်မှာ ကာမ ရာဂ ဗျာပါဒကို ပယ်ရန်ကိစ္စရှိ၏။ ထိုကိစ္စ၌ ရှေးပညာရှိကြီးတို့ အားထုတ်လေ့ ရှိသော တရားမှုကား ဒွတ္တိံသာကာရပင်တည်း။ ထိုပြင် အရဟတ္တမဂ်အတွက် မာနကိုလည်း ထိုဒွတ္တိံသဖြင့်ပင်လျှင် ပယ်တော်မူကြ၏။ ထိုကြောင့် ထိုဒွတ္တိံသာကာရ ရှုနည်းများကို မန်လည် ဆရာတော်ဘုရား ရေးသားထားသော ကထာအရ ပြပေတော့အံ့။

သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသတွင်၊ အလှဘယ်မှာ၊
မရရှာဘဲ၊ အဝိဇ္ဇာနှင့်၊ တဏှာပိတ်ဖုံး၊ တကိုယ်လုံး၌၊
အသုံးမကျ၊ ဤကာယတွင်၊ အရူမ အရူသိမ်၊ နှလုံး
ဒိမ်နှင့်၊ အတွင်းလိမ်ရှုပ်၊ အဆုတ်အသဲ၊ အဆီခဲနှင့်၊
သွေးခဲသည်းခြေ၊ သလိပ် ပြေတည်း၊ တထွေဦး
နှောက်၊ မျက်ရည်ပေါက်သို့၊ ချွေးနောက် ဆီကြည်၊
တံတွေး ရည်နှင့်၊ နှပ်ရည် ချွဲချွဲ၊ အစေး တွဲလျက်၊
မြွေးခဲ သဏ္ဍာန်၊ အညှို့တန်ဟု၊ တဖန် တွက်ဆ၊
အဖျဉ်းမှလျှင်၊ အောက်က ကျင်ကြီး၊ ကျင်ငယ် စီး
လျက်၊ ဖိစီးတဖန်၊ ပြင်ရံအပ၊ ကိုးဒွါရက၊ နေ့ညမစဲ၊
တချွဲချွဲနှင့်၊ ဖေါက်လဲဓာတ်ချုပ်၊ အကောင်ပုပ်ကို၊
စက်ဆုပ်ရှုံ့ရှာ၊ ထွီစရာနှင့်၊ မုန်းစရာပ၊ ဤကာယကို၊
နေ့ညဖန်ခါ၊ ရှုခဲ့ပါလျှင်၊ ဘယ်မှာ ကာမရာဂ၊
ဖြစ်မည်နည်း။

ဤသို့ပွားလျှင် သုဘ-သညာ-စိတ္တဟူသော ဝိပလ္လာသ ၂-ပါးချုပ်သဖြင့် အနာဂါမိသို့ ရောက်နိုင်၏ ဟူလို။

တလံခန္ဓာ၊ ဤ ကိုယ်မှာလျှင်၊ ကေသာအစ၊ ဒွတ္တိံသဟု၊ စိတ်ကညွတ်ခါ၊ ကြည့်ရှုပါလျှင်၊ ခေါင်းမှာဆံထွေး၊ ကိုယ်အမွေးနှင့်၊ ရောထွေး ပေါင်းစည်း၊ ခြေ, လက်သည်း တည်း၊ သွားလည်း ထွေထွေ၊ ညက်၌ ဖွေလော၊ အရေအသား၊ အကြောများနှင့်၊ ရိုးများခြင်ဆီ၊ အလီလီကို၊ ငါသည်ထင်လင်း၊ ငါဘယ်သင်းဟု၊ ငါ သွင်း၍ရှာ၊ မရသာဘဲ၊ ကေသာအစ၊ ဒွတ္တိံသကို၊ စိတ်က ငါထင်၊ မိုက်မှောဝင်၍၊ ငါပင် ငါဘဲ၊ ငါ့ကိုယ်ဘဲဟု၊ စွဲမြဲသက္ကာ၊ ဝိပလ္လာနှင့်၊ တဏှာ နယ်တွင်း၊ တာတွယ်ခြင်း၌၊ အဆင်းကိုပြ၊ တသ, သ, နှင့်၊ ငါလှ ငါချော၊ ငါတကောဟု၊ ငါကော ကောကာ၊ မရှောင့်သာဘဲ၊ မော်ကာမော်မောက်၊ ခြေဖျားထောက်၍၊ ငါမောက် ငါမော်၊ လူတို့ပေါ်မှ၊ မာန်တက်ကြွလည်း၊ ဤကိုယ်ကာယ၊ သာမည၌၊ အနိစ္စပင်၊ မမြဲအင်ကို၊ ရှုဆင်ခြင်ငြား၊ ချိုကျိုး နွားသို့၊ ချထားမာန၊ မတက်ကြွမူ၊ ရအပ်ထက်မဂ်၊ နောက် ဆုံးတည်း။ ။အရဟတ္တမဂ်သို့ရောက်နိုင်၏ ဟူလို။

### ရာဂ နှင့် မာန ပယ်ပုံ တနည်း ပြဦးအံ့။

ရာဇာဝေဝ စဏ္ဍာလောစ၊
ပေါသော ရုက္ခိစ ကေဝလာ။
သဗ္ဗေ တေ သဒိသာ၊
အဂ္ဂိမှာ အဂ္ဂိဂူထတော၊

ကဏ္ဏမှာ ကဏ္ဏဂူထတော။
ဃာနမှာ ဃာနဂူထတော။
ဇိဝှာမှာ ဇိဝှာဂူထတော၊
ဝသတော ကာယမှာ သေဒဆင်္ဃိကာ။

ရာဇာစေဝ၊ စကြာမင်း၏ ကာယသည်ရင်း။ စဏ္ဍာလောစ၊ ကယ်ပါ သူတောင်းစား၏ ကာယသည်ရင်း။ ပေါ်သောစ၊ ယောကျာ်း၏ ကာယသည်ရင်း။ ဣတ္ထိစ၊ မိန်းမ၏ ကာယသည်ရင်း၊ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုသူတို့သည်။ ကေဝလာ၊ သက်သက်။ သဒိသာ၊ အသုဘအားဖြင့်။ ဝါ၊ အပုပ်အသိုးအားဖြင့် တူကြကုန်၏။ အက္ခိမှာ၊ မျက်စေ့၌။ အက္ခိဂူထတော၊ မျက်ချေး ဟူသော အညစ်အကြေး ရှိကုန်၏။ ကဏ္ဏမှာ၊ နား၌။ ကဏ္ဏဂူထတော၊ နဖါချေး ဟူသော အညစ်အကြေး ရှိကုန်၏။ ဃာနမှာ၊ နှာခေါင်း၌။ ဃာနဂူထတော၊ နှပ်ချေးဟူသော အညစ်အကြေး ရှိကုန်၏။ ဇိဝှာမှာ၊ လျှာ၌။ ဇိဝှာဂူထတော၊ ချွဲခန်းသလိပ် ဟူသော အညစ်အကြေး ရှိကုန်၏။ ကာယမှာ၊ ကာယ၌။ သေဒ ဆင်္ဃိကာ၊ ချွေးဆီကြည် ဟူသော အညစ်အကြေးတို့သည်။ ဝသတော၊ နေ့ညမပြတ် ယိုစီးကုန်၏။

ဤသို့အားဖြင့်ရှုလျှင် မိမိ-မိမိတို့၌ မာန ထောင်လွှားခွင့် မရှိမှုကို မြင်သိလေတော့၏။ ငါကား စကြာမင်း၊ ငါကား သူဌေးမင်းစသဖြင့် တက်ကြွထောင်လွှား မရှိမူ၍ မာနကျလေတော့၏။ ဤသို့ မာနကျလျှင် အရဟတ္တ

မဂ်ဖြင့် ပယ်အပ်သော မာနချုပ်သဖြင့် အရဟတ္တဖိုလ်သို့ သော်လည်း ရနိုင်၏ဟုလို။

ပုထုဇဉ် ဖြစ်ပွားကြီးများသည်အဝိဇ္ဇာဖုံးသောကြောင့် ဒုက္ခနှင့်သုခကို စင်ကြယ်စွာမသိမှုကြောင့် ဖြစ်ပွားဘဝကို နိဗ္ဗာန်ဟုထင်ကြ၏။ သို့ရာတွင် ရူပရာဂ အရူပရာဂ ရှိမှုတို့ကြောင့် ရတိနှောင် ပဋိသန္ဓေဆက်၍ ထိုက်သည်အားလျော်စွာ သံသရာမှာ ကျင်လည်ရ၏။ အပါယ်ဘေးတို့မှလည်း လွတ်ခွင့်မရပေ။ ထိုကြောင့် ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသည့်အတိုင်း ဒုက္ခနှင့် သုခကို မြင်သိအောင် ပြု၍ မဂ်သို့ရောက်အောင် ပွားများအားထုတ်သင့်ကြပေသည်။

## ဒုက္ခနှင့်သုခကို ခွဲခြား၍ မြင်သိခြင်း၌ ပုတီးစိပ်နည်း

ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ။ (ပဋိသမ္ဘိဒါမဂ်)

ဥပ္ပါဒေါ၊ ခန္ဓာဇာတိ ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဇရာမရဏာဖြင့် ပျက်သောကြောင့်။ ဝါ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကပ်လျက် ပါရှိနေမှုတို့ကြောင့် ဆင်းရဲသော ဒုက္ခသစ္စာသာတည်း။ အနုပ္ပါဒေါ၊ ခန္ဓာဇာတိ မဖြစ်ရခြင်းသည်။ သုခံ၊ ပျက်မှုမရှိသောကြောင့် နိဗ္ဗာန်ချမ်းသာ အစစ်ပေတည်း။ ဤသို့ ပုတီးစိပ်ပါ ပွားများကြပါ။

ဤဝိပဿနာသည် ဒုက္ခသစ္စာနှင့်နိရောသစ္စာ နိဗ္ဗာန်ကိုစပ်၍ ပြထားသောကြောင့် အလွန် မြင်နိုင်ခဲသော အလွန်သိမ်မွေ့သော နိဗ္ဗာန်ကို မြင်နိုင်၏။ ထိုကြောင့်

မဂ်စိတ်ဖြင့် အာရုံပြု၍ သောတာပတ္တိမဂ်စသည် လျင်မြန်စွာ ရောက်နိုင်၏။ ဤဝိပဿနာသည် သုခနှင့်ဒုက္ခကို စင်ကြယ်စွာ မသိနိုင်အောင် ဖုံးထားသော အဝိဇ္ဇာကို ချုပ်စေ၏။ တဏှာကိုလည်း ချုပ်စေ၏။ အထူးပွားများကြပါကုန်။

## သဉ္ဇာယတန သံယုတ်အရ ဝိပဿနာ ပွားနည်း

ယံ ဓမ္မံ အနတ္တနိယ ဓမ္မော၊ တတြ ဆန္ဒော ပဟာတဗ္ဗော ကတမောနုခေါ အနတ္တနိယဓမ္မော–ရူပံ အနတ္တနိယဓမ္မော ဝေဒနာ အနတ္တနိယဓမ္မော–သညာ အနတ္တနိယဓမ္မော–သင်္ခါရာ အနတ္တနိယ ဓမ္မော–ဝိညာဏံ အနတ္တနိယဓမ္မော။

ယံ ဓမ္မံ၊ အကြင်ထရားသည်။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာမဟုတ်။ တတြ၊ ထိုမိမိဥစ္စာမဟုတ်သော တရား၌။ တေ–တယာ၊ သင်ချစ်သားသည်။ ဆန္ဒော၊ လိုချင်တပ်မက်မှု တဏှာဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာ ငါမဟုတ်သော တရားသည်။ ကတမောနုခေါ၊ အဘယ်နည်း။ ရူပံ၊ ဆံပင် မွေးညှင်း စသော မျက်စေ့ နား နှာ အင်္ဂါ ခြေ လက် စသောရုပ်သည်။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာမဟုတ်။ ဝါ–ကိုယ်ပိုင်မဟုတ်။ ဝေဒနာ၊ သုခ ဒုက္ခ ဥပေက္ခာ–သောမနဿ ဒေါမနဿအားဖြင့် ခံစားတတ်သော ဝေဒနာသည်။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာမဟုတ်။ သညာ၊ အမှတ်ပြု၍ သိတတ်သောသညာသည်။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာ မဟုတ်။ သင်္ခါရာ၊ ကုသိုလ်ကံ အကုသိုလ်ကံ အားဖြင့် ပြုပြင်တတ်သော စေတနာစသော သင်္ခါရက္ခန္ဓာသည်။

အဇ္ဈတ္တနိယာမမွော၊ မိမိပိုင်မဟုတ်။ ဝါ-မိမိပစ္စည်း မဟုတ်။ ဝိညာဏံ၊ အာရုံကို သိတတ်သော စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်, မနောဝိညာဏ်စိတ်သည်။ အနဇ္ဈတ္တနိယာမမွော၊ အစိုးရခြင်း အလိုသို့လိုက်ခြင်းရှိသော အတ္တ သတ္တမဟုတ်။ တတြ၊ ထိုကိုယ်ပိုင် မဟုတ်သော တရားနှစ်။ တေ-တဿ၊ သင်ချစ်သားသည်။ ဆန္ဒော၊ လိုချင်ခင်တွယ်သော တဏှာဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ ဤသို့ပွားက တဏှာပယ်မှုကိစ္စ ပြီးရကား လျင်စွာ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။ တဏှာကုန်ရာ ဖြစ်သော တဏှက္ခယ နိဗ္ဗာန်ကိုရနိုင်၏ ဟူလို။

ယံ ဝမ္မံ မာရဓမ္မော တတြ ဆန္ဒော ပဟာတဗ္ဗော၊ ကတမောနုခေါ မာရဓမ္မော၊ ရူပံ မာရဓမ္မော၊ ဝေဒနာ မာရဓမ္မော၊ သညာ မာရဓမ္မော၊ သင်္ခါရာ မာရဓမ္မော၊ ဝိညာဏံ မာရဓမ္မော။ (သဠာယတန)

ယံ ဓမ္မံ၊ အကြင်တရားသည်။ မာရဓမ္မော၊ သူသတ်မည်၏။ တတြ၊ ထိုသူသတ်မည်သော တရားနှစ်။ တေ-တဿ၊ သင်ချစ်သားသည်။ ဆန္ဒော၊ တဏှာဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ မာရဓမ္မော၊ သူသတ်တရားမည်သည်၊ ကတမောနုန္ဒော၊ အဘယ်နည်း။ ရူပံ၊ ရုပ်သည်။ မာရဓမ္မော၊ ရေမြှုပ်ကဲ့သို့ အခိုင်အခံ့မရှိ အရှည်မတည် ချက်ခြင်း ချုပ်ပျောက်တတ်သောကြောင့် သူသတ်မည်၏။ ဝေဒနာ၊ သုခဒုက္ခ ဥပေက္ခာအားဖြင့် ခံစားတတ်သော ဝေဒနာသည်။ မာရ

ဓမ္မော၊ ရေပွက်ကဲ့သို့ ချက်ခြင်း ချုပ်ပျောက်တတ်သော သူသတ်မည်၏။ သညာ၊ အမှတ်ပြု၍သိတတ်သော သညာ သည်။ မာရဓမ္မော၊ သူသတ်မည်၏။ သင်္ခါရာ၊ ပြုပြင်တတ် သော စေတနာ သင်္ခါရက္ခန္ဓာသည်။ မာရဓမ္မော၊ အရှည် မတည် လျင်စွာ ပျက်စီးတတ်သောကြောင့် သူသတ်မည် ၏။ ဝိညာဏံ၊အာရုံကို သိတတ်သော ဝိညာဏ်စိတ်သည်။ မာရဓမ္မော၊ မျက်စိတမှိတ် လျှပ်တပျက်ခန့် အတွင်း၌ ကုဋေ တသိန်းမျှလောက် ဖြစ်ပျက်ခြင်း ရှိသောကြောင့် သူသတ်မည်၏။တတြ၊ထိုသူသတ်မည်သော ခန္ဓာ ၅-ပါး ၌။ တေ-တယော၊ သင်ချစ်သားသည်။ ဆန္ဒော၊ လိုချင် သော ဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။

အဓိပ္ပါယ်။ တဏှာသည် သမုဒယ သစ္စာပင်တည်း။ ထိုသမုဒယကို ပယ်အပ်သော ကိစ္စရှိသည့် အတိုင်း မပယ် လျှင် ဇာတိစသော ဒုက္ခမပြတ် ဖြစ်တော့၏။ ပယ်လျှင် ဇာတိစသော ဒုက္ခချုပ်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ၏ဟူလို။ ဤကား သုတ္တန်ဒေသနာအရ ဝိပဿနာပင် တည်း။ သံဝေဂရ၍ တဏှာချုပ်လျှင် ဝိပဿနာ၏ လိုရင်း ကိစ္စပြီးနိုင်၏ ဟူလို။

## သစ္စာလေးပါးမြင်သိပုံ

၁။ ဇာတိ စသည်တို့ကား မိမိ၏ ဒုက္ခသစ္စာ။

၂။ ဘဝတဏှာ စသည်တို့ကား မိမိ၏ သမုဒယ သစ္စာ။

၃။ အနိစ္စ ဒုက္ခ အနတ္တတို့ကိုရှု၍ ဘဝတဏှာ ပယ်မှုကား မိမိ၏ မဂ္ဂသစ္စာ။

၄။ ဓာဝ်ဗသော ဒုက္ခချုပ်မှုကား မိမိ၏ နိရောဓသစ္စာနိဗ္ဗာန်။ သူ့ကိစ္စသူ့အခါစသည်တို့၌ သတိပြု၍ အခါခပ်သိမ်း ဆင်ခြင်နေမှုသည် သစ္စဘာဝနာမည်၏။ စိတ်တည်ကြည် ခြင်းသည် သမာဓိမည်၏။ ထိုသို့ နှလုံးသွင်းသဖြင့် တဏှာချုပ်သောအခါ သမ္မာသမာဓိ မည်၏။

သစ္စာ ၄-ပါးကိုဆင်ခြင်၍ တည်သော သမာဓိအရ မဂ်ကိစ္စ၊ လေးပါးပြီးနိုင်ရကား အထူး သတိပြု၍ ဆင်ခြင်ကြပါကုန်။

**ရဟန်းများသို့ မြတ်စွာဘုရား သတိပေးတော် မူခဲ့ပုံ**

ပရိပက္ကော ဝယော မယှံ၊
ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊
ကတံ မေ သရဏမတ္တနော။

(မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်)

မယှံ၊ ငါဘုရား၏။ ဝယော၊ အရွယ်တော်သည်။ ပရိပက္ကော၊ ရင့်ရော်လှပြီ။ မမ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ ပရိတ္တံ၊ နည်းလှပြီ။ ဝေါ-တုမှာကံ၊ သင်ချစ်သားတို့ကို။ ပဟာယ၊ ပယ်၍။ ဂမိဿာမိ၊ သွားရပေတော့အံ့။ ဝါ၊ ပရိနိဗ္ဗာန်ပြုရပေတော့အံ့။ မေ-မယာ၊ ငါဘုရားသည်။

အတ္တနော၊ မိမိ၏။ သရဏံ၊ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ကိုးကွယ်ရာကို။ ကတံ၊ ပြုအပ်ပြီ။

## အကြံကောင်းရှိကြရန် သတိပေးပုံ

အပမတ္တာ သတိမန္တော၊
သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတ သင်္ကပ္ပါ၊
သစိတ္တ မနုရက္ခထ။

ဘိက္ခဝေါ၊ ရဟန်းတို့။ အပမတ္တာ၊ မမေ့ မလျော့ကုန်သည်ဖြစ်၍။ သတိမန္တော၊ မြဲမြံသော အောက်မေ့ခြင်း သတိ ရှိကြကုန်သည်ဖြစ်၍။ သုသီလာ၊ ကောင်းသော အကျင့်သီလ ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သုသမာဟိတ သင်္ကပ္ပါ၊ ကောင်းသော အကြံရှိကုန်သည် ဖြစ်၍။ သစိတ္တံ၊မိမိစိတ်ကို။ အနုရက္ခထ၊ ဆုံးမစောင့်ရှောက်၍ နေရစ်ခဲ့ကြကုန်လော့။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟေဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

ဘိက္ခဝေ၊ သံသရာဘေးကို လေးသောဝန်ဟု ရှုလေ့ရှိကြပေကုန်သော ရဟန်းတို့။ ယော၊ အကြင်သူသည်။ ဝါ၊ မည်သူမဆို။ ဣမသ္မိံ ဓမ္မဝိနယေ၊ သစ္စာကို သိအောင် အားထုတ်ကြဟု ငါဘုရား ဆုံးမ ဟောကြားတော်မူသော ဤ ဓမ္မဝိနယခေါ်- ပဋိဝေဓ သာသနာတော်ကြီး၌။ အပ္ပမတ္တော၊ မမေ့မလျော့သည် ဖြစ်၍။ ဝိဟေဿတိ၊ နေ

လတ့်။ သော၊ ထိုသူသည်။ ဇာတိသံသာရ၊ ဇာတိသံသရာကို။ ပဟာယ၊ ပယ်၍။ ဒုက္ခဿန္တံ၊ ဒုက္ခအဆုံးဖြစ်သော နိဗ္ဗာန်သို့။ ကရိဿတိ၊ မျက်မှောက် ပြုနိုင်လတ္တံ့သတည်း။

ရဟာန်းများသို့ သတိပေးပုံ ဤတွင် ပြီးပြီ။

---

## ပဟာန် ၅-ပါး

ဗဟုဿုတ ရှိစေခြင်း၌ အချုပ်အခြာ ဝိပဿနာ ပညာဖြစ်သော ပဟာန် ငါးပါးကို ဝိသုဒ္ဓိမဂ်အရ ပြဦးအံ့။ ပဟာန် ငါးပါးဟူသည် တဒင် ပဟာန်၊ ဝိက္ခမ္ဘန ပဟာန်၊ သမုစ္ဆေဒ ပဟာန်၊ ပဋိပဿဒ္ဓိ ပဟာန်၊ နိဿရဏ ပဟာန်-ဤ ငါးပါးပင်တည်း။

ကိလေသာ ပယ်ရာ၌၊ ဒီပါလောကေန တမဿ တဿ တဿ အနတ္ထဿ ပဟာနံ ဣဝ-ဟူရကား။

တမဿ၊ အမိုက်မှောင်အား။ ဒီပါလောကေန၊ အရောင်အလင်းဖြင့်။ ပဟာနံ ဣဝ၊ ပယ်၏သို့။ ဧဝမေဝ၊ ဤအတူ။ တဿ တဿ အနတ္ထဿ။ ထိုထိုအကျိုးမဲ့ ကိလေသာတို့အား ထိုထိုနှင့် ဆန့်ကျင်ဘက် ဉာဏ်တို့ဖြင့်။ ပဟာတဗ္ဗ၊ ပယ်အပ်ကုန်၏။

(ပယ်ရန်မာတိကာ အကျဉ်းကား နာ-ပစ်-က-မင်-ဥ-ဝ-ဘ-အာ-နိဗ်-မု-ပ-ဥအနု-ဂေါ်ကို ရှု ဟူ၏။

၁-(က) နာမရူပ ဝဝတ္ထာနေန သက္ကာယ ဒိဋ္ဌိယာ ပဟာတဗ္ဗာ။ သက္ကာယ ဒိဋ္ဌိယာ၊ ခန္ဓာငါးပါး၌ အတ္တဟု

ယူသော အယူကို။ နာမရူပ ဝဝတ္ထာနေန၊ နာမ်ရုပ်ကို
ပိုင်းခြား မှတ်သားခြင်းဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(၁) ပစ္စယ ပရိဂ္ဂဟေန အဟေတု ဝိသမ
ဟေတု ဒိဋ္ဌိနံ အပရဘာဂေ တမ္ဗိပရိယာယေန ကထံကထိ
ဘာဝဿ။ ။ပစ္စယ ပရိဂ္ဂဟေန၊ ဒုက္ခသစ္စာ နာမ်ရုပ်ဖြစ်
ကြောင်း သမုဒယကို သိမြင် ဆင်ခြင် သိမ်းဆည်းခြင်း
ဖြင့်။ အဟေတု ဝိသမဟေတု ဒိဋ္ဌိနံ၊ သတ္တ ဝါဖြစ်ခြင်း၌
အကြောင်း မရှိဘဲဖြစ်၏ဟု ရှုသော။ အဟေတုက ဒိဋ္ဌိ၊
အကြောင်းရှိ၏ဟု ရှုပြန်သော်လည်း ပြဟ္မာ မိဿနိုး
စသော နတ်တို့ ဖန်ဆင်း၏ ဟု မဟုတ် မမှန်သော
အကြောင်းကို စွဲ၍ 'ယူသော ဝိသမ ဟေတု ဒိဋ္ဌိတို့ကို။
တမ္ဗိပရိယာယေန၊ ထိုဒိဋ္ဌိတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော။
ဝါ၊ အကြောင်းမရှိဘဲ ဖြစ်သည်မဟုတ် အဝိဇ္ဇာ တဏှာ
ဥပါဒါန် ကံတို့ကြောင့် ဖြစ်၏ဟူသော ပစ္စယ ပရိဂ္ဂဟ
ဉာဏ်ဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ အပရဘာဂေ၊
နောက်အဘို့၌။ ကထံ ကထိ ဘာဝဿ၊ သို့လော-သို့လော
ယုံမှားမှုကို။ ဝါ၊ အကြောင်းနှင့် ဖြစ်လေ သလော
အကြောင်းမရှိထဲ ဖြစ်လေသလော ဟူသော ယုံမှားခြင်း
ကိုလည်း။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(၇) ကလာပ သမ္မသနေန၊ အဟံ မမာတိ ဂါဟဿ
ပဟာတဗ္ဗာ။ ။ကလာပ သမ္မသနေန၊ ရုပ်ကလာပ် နာမ်
ကလာပ် အပေါင်းတို့ကို ရှုခြင်းဖြင့်။ ဝါ၊ ပထဝီ၊ တေဇော၊
အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ်

ဒသဒွကလာပ်။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ စသော နာမ်ကလာပ်တို့ကို ရှုခြင်းဖြင့်။ အဟံ မမာတိ ဂါဟာဿ၊ အဟံ၊ ငါ။ မမ သန္တကံ၊ ငါ၏ ဥစ္စာဟူသော တဏှာဒိဋ္ဌိဂါဟကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ဃ) မဂ္ဂါမဂ္ဂ ဝဝတ္ထာနေန အမဂ္ဂေ မဂ္ဂ သညာယ ပဟာတဗ္ဗာ။ ။မဂ္ဂါ မဂ္ဂ ဝဝတ္ထာနေန၊ မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား မှတ်သား ခြင်းဖြင့်။ အမဂ္ဂေ၊ အရောင်ပီတိ ပဿဒ္ဓိစသောတရားတို့ကိုမဂ်ဟုရှု၍ မဂ်ကို ငါရပြီဟုရှုသော မှားသောအမဂ္ဂသညာ၌။ မဂ္ဂသညာယ၊ ဤအရောင်ပီတိ စသည်တို့ကား မဂ်မဟုတ် အနိစ္စ ဒုက္ခ အနတ္တသာတည်းဟုရှုသော မဂ္ဂသညာဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(င) ဥဒယ ဒဿနေန ဥစ္ဆေဒ ဒိဋ္ဌိယာ ပဟာတဗ္ဗာ။ ။ဥစ္ဆေဒ ဒိဋ္ဌိယာ၊ သတ္တဝါသေလျှင် ပြတ်၏ဟု ယူသော အယူကို။ ဥဒယဒဿနေန၊ နာမ်ရုပ်တို့အကြောင်း အကျိုးစပ်၍ မပြတ်ဖြစ်နေမှုကို ရှုသောဉာဏ်ဖြင့်၊ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(စ) ဝယ ဒဿနေန သဿတ ဒိဋ္ဌိယာ ပဟာတဗ္ဗာ။ ။သဿတဒိဋ္ဌိယာ၊ သတ္တဝါ ခိုင်၏ မြဲ၏ဟု ယူသောအယူကို။ ဝယဒဿနေန၊ နာမ်ရုပ်တို့၏ ခဏ ခဏ ပျက်၍နေမှု မမြဲမှုကို ရှုခြင်းဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ဆ) ဘယ ဒဿနေန သဘယေ အဘယ သဉ္ဉာယ ပဟာတဗ္ဗာ။ ။ ဘယ ဒဿနေန၊ ဒိဋ္ဌ နာ သေမှု ဘောက်ပြန်မှုတို့ကို ရှုမြင်ခြင်းဖြင့်။ သဘယေ၊ ဘေးနှင့် တကွ ဖြစ်သည့်၌။ အဘယသဉ္ဉာယ၊ ဘေးမရှိဟုရှုသော သညာကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ဇ) အာဒီနဝ ဒဿနေန အာလယာဘိ နိဝေသဿ ပဟာတဗ္ဗာ။ ။အာဒီနဝ ဒဿနေန၊ ဥပ္ပါဒေါ ဒုက္ခံ၊ ပဝတ္တံ ဒုက္ခံ၊ နိမိတ္တံ ဒုက္ခံ၊ အာယူဟနံ ဒုက္ခံ၊ ပဋိသန္ဓိ ဒုက္ခံ ဟူသော ဖြစ်ခြင်း ရှိသမျှ ဒုက္ခသာတည်းဟု အပြစ်ကိုရှုသော အာဒီနဝ ဉာဏ် ၅ ပါးကို ရှုခြင်းဖြင့်။ အာလယာဘိ နိဝေသဿ၊ လိုချင်ခင်မင် တွယ်တာသော တဏှာအာလယကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ဈ) နိဗ္ဗိဒါ ဉာဏေန နန္ဒိယာ ပဟာတဗ္ဗာ။ ။ နိဗ္ဗိဒါ ဉာဏေန၊ ခန္ဓာ ၅-ပါး၌ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ် ဖြင့်။ နန္ဒိယာ၊ အလွန် နှစ်သက်ဘွယ်ဟုရှုသော နန္ဒိရာဂ ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ည) မုဉ္စိတု ကမျတာ ဉာဏေန အမုဉ္စိတု ကာမဿ ပဟာတဗ္ဗာ။ ။မုဉ္စိတု ကမျတာ ဉာဏေန၊ သံသရာဝဋ်မှလွတ်လိုသော မုဉ္စိတု ကမျတာ ဉာဏ်ဖြင့်။ အမုဉ္စိတု ကာမဿ၊ သံသရာ၌ မွေ့လျော်သဖြင့် မလွတ် လိုမှုကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

သုစမ္ပဝတီ-၈၁၂-၆

၁-(၃) ပဋိသင်္ခါဉာဏေန အပ္ပဋိသင်္ခါပဟာတဗ္ဗာ။။ ပဋိသင်္ခါဉာဏေန၊ တော ၄၀-ကို အဘန်ဘန် ပွားသော ပဋိသင်္ခါဉာဏ်ဖြင့်။ အပ္ပဋိသင်္ခါ၊ တဘန်မဆင်ခြင်လိုမှုကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(၄) ဥပေက္ခာ ဉာဏေန အနုပေက္ခာ ပဟာတဗ္ဗာ။ ။ဥပေက္ခာဉာဏေန၊ သင်္ခါရတရားတို့၌ ချစ်ခြင်း မုန်းခြင်းကို ပယ်၍ လျစ်လျူ ရှုသော ဉာဏ်ဖြင့်။ အနုပေက္ခာ၊ လျစ်လျူမရှုလိုမှုကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(၃) အနုလောမေန ဝိဓ္ဓဋ္ဌိတိယာ ပဋိလောမေန နိဗ္ဗာနေနစ ကထံကထိဘာဝေသာ ပဟာတဗ္ဗာ။ ။အနုလောမေန၊ အဝိစ္ဆာပစ္စယာ သင်္ခါရာ စသော အနုလောမ ဉာဏ်ဖြင့်။ ဝိဓ္ဓဋ္ဌိတိယာ၊ အကြောင်းအကျိုးစပ်၍ မပြတ် တည်နေမှုကို။ ပဋိလောမေန၊ အကြောင်း ချုပ်သဖြင့် အကျိုးချုပ်သော။ နိဗ္ဗာနေနစ၊ နိဗ္ဗာန်ကို မြင်သိသော ဉာဏ်ဖြင့်လည်း။ ကထံကထိဘာဝေသာ၊ နိဗ္ဗာန်ရှိမှုရှိလေ ၏လောဟူသော ယုံမှားခြင်းကို၊ပဟာတဗ္ဗာ၊ပယ်အပ်၏။

၁-(၁) ဂေါတြဘူဉာဏေန သင်္ခါရ နိမိတ္တံ ပဟာတဗ္ဗာ။ ။သင်္ခါရနိမိတ္တံ၊ ခန္ဓာ သင်္ခါရ နိမိတ်ကို။ ဂေါတြဘူ ဉာဏေန၊ အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူ ဉာဏ်ဖြင့်။ပဟာတဗ္ဗာ၊ ပယ်အပ်၏။ အယံ၊ ဤသို့ ရှုခြင်း သည်။ တဒင်္ဂပဟာနံနာမ၊ ကိလေသာကို တဒင်္ဂအားဖြင့် ပယ်ခြင်း မည်၏။

တဒင်္ဂပဟာန် ပြီးပြီ။

၂။ ဝိက္ခမ္ဘနပဟာန်ကို အကျယ် မပြတော့ပြီ။ ဥပမာ ကိုသာ ပြပေတော့အံ့။ ဥပမာ......မှော်ပြည့် နေသော ရေကန်၌ ရေခပ်သော ယောကျာ်းသည် အိုးဖြင့် မှော် တို့ကို ဖယ်၍ အိုးဖြင့် နှစ်၍ ရေခပ်ပြီးနောက် အိုးကိုမ, ၍ ယူလိုက်လျှင် ယခင်က ဖယ်ထားသော မှော်တို့သည် ပြန်၍ ဖုံးမြဲဖုံး၏။ ထိုအတူ ကာမစ္ဆန္ဒ ဗျာပါဒ ထိန မိဒ္ဓ စသော ကိလေသာတို့ကို ခွါသောအားဖြင့်။ ဝါ၊ ထိုအာ ရုံတို့သို့ စိတ်မကျမရောက်သောအားဖြင့် ပယ်ခြင်းသည် ပင် ဝိက္ခမ္ဘနပဟာန် မည်၏။ နောင်အခါ မှော်ပြန်ဖုံးသ ကဲ့သို့ ကိလေသာတို့ တဖန်ဖုံးပြန်တော့၏ ဟူလို။ ဤ၌ တဒင်္ဂပဟာန်ထက် ကိလေသာ ပယ်မှုကာလ ကြာကြာ တည်၏ ဟူလို။

ဝိက္ခမ္ဘနပဟာန် ပြီးပြီ။

---

၃။ သမုစ္ဆေဒပဟာန်ကို ပြတော့အံ့။ ။စတုန္နံ အရိယ မဂ္ဂါနံ ဘာဝိတတ္တာ တံ တံ မဂ္ဂဝတော အတ္တနော အတ္တနော ဌာနေ ဒိဋ္ဌိဂတာနံ ပဟာနာတိ အာဒိနာ နယေန အစ္စန္တံ အနုပ္ပါဒါယ ပဟာနံ အယံ သမုစ္ဆေဒပဟာနံ နာမ။

စတုန္နံ၊ လေးပါး ကုန်သော။ အရိယမဂ္ဂါနံ၊ အရိယာ မဂ်တို့ကို။ ဘာဝိတတ္တာ၊ ပွားသည်၏ အဖြစ်ကြောင့်၊ ဝါ၊ ဤကား ဒုက္ခတည်း။ ဤကား သမုဒယတည်း။ ဤကား နိရောဓနိဗ္ဗာန်တည်းဟု အဖန်ဖန်ပွားများသည် အဖြစ်

ကြောင့်။ ထံထံမဂ္ဂဝတော၊ ထိုထိုမဂ်တို့နှင့် အကျွမ်းဝင်သော။ အဗ္ဗာနေ့ာအဗ္ဗာနေ့ာ၊ မိမိ မိမိ၏။ ဌာနေ၊ ဌာနန္တိ။ ဒိဋ္ဌိဂတာနံ၊ ဒိဋ္ဌိစသည်တို့သို့ကျရောက်သော ကိလေသာတို့ကို။ ပဟာနာတိ အာဒိနာ နယေန၊ ပယ်သော မဂ်အစဉ်ဖြင့်။ အစ္စန္တအနုပ္ပါဒါန ပဟာနံ၊ စင်စစ် အကြွင်းမဲ့ပယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံပဟာနံ၊ ဤ ပယ်ခြင်းသည်။ သမုစ္ဆေဒ ပဟာနံနာမ၊ အပြီးအပြတ် ပယ်ခြင်းမည်၏။

သမုစ္ဆေဒ ပဟာန် ပြီးပြီ။

---

၄။ စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိ၊ သာမညဖိုလ်လေးပါးတို့သည်။ ပဋိပဿဒ္ဓိ ပဟာနံနာမ၊ မဂ်ဖြင့် ပယ်ပြီး ကိလေသာကို တဘန်မဖြစ်စေရန် အငြိမ်းပယ်ခြင်းမည်၏။

ပဋိပဿဒ္ဓိ ပဟာန် ပြီးပြီ။

---

၅။ ယံ သင်္ခတ နိဿတတ္တာယ ပဟီန သင်္ခတံ နိဗ္ဗာနံ အယံ နိဿရဏ ပဟာနံနာမ။

သင်္ခတ နိဿတတ္တာယ၊ အလုံးစုံသော သင်္ခတတို့မှ လွတ်သည်၏ အဖြစ်ကြောင့်။ ပဟီနသင်္ခတံ၊ ပယ်အပ်ပြီးသော အလုံးစုံသော သင်္ခတရှိသော။ ယံ နိဗ္ဗာနံ၊ အကြွင်းငြိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ နိဗ္ဗာနံ၊

ဤငြိမ်းခြင်းသည်။ နိဿရဏပဟာန်နာမ၊ အငြိမ်းပယ်သော ပဟာန်မည်၏။ ။အဓိပ္ပါယ်ကား၊ တဖန်ဖြစ်မှုမရှိမူ၍ ချုပ်ငြိမ်းခြင်းသည်ပင်လျှင် နိဿရဏ နိဗ္ဗာန်မည်၏ဟူလို။

နိဿရဏ ပဟာန် ပြီးပြီ။

---

## တချက်ခုတ် ၁၂-ချက် ပြတ်သောတရား

တချက်ခုတ် ၁၂-ချက်ပြတ်သောတရားနှင့် အချက်များစွာပင် ခုတ်ဖြတ်သော်လည်း တချက်မှ မပြတ်သောတရားများကို ဗဟုသုတ ရှိကြစေရန် ပြဦးအံ့—

ဤ သောတာပတ္တိမဂ္ဂ ကထာ ကျမ်းသည် သောတာပတ္တိမဂ်စိတ် တချက်ကိုရရန် ဝန်မလေးစေဘဲ လျင်မြန်စွာပင် ညဏ်အမြင်ပေါက်ရောက် နိုင်စေခြင်းငှါ၊မေတ္တာကရုဏာဖြင့် အထူးပြု၍ ရေးသော ကျမ်း ဖြစ်ပေသည်။ အဘယ်ကြောင့် အထူးပြု၍ ရေးပါသနည်းဟူမူ၊ ထိုသောတာပတ္တိမဂ်စိတ် တချက်သည် အကုသိုလ်စိတ် ၁၂-ခုကို ချုပ်စေ၍ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ရောက်နိုင်သောကြောင့်တည်း၊ အဘယ်သို့ ချုပ်ပြတ်စေသနည်းဟူမူ၊ထိုသောတာပတ္တိ မဂ်စိတ်တချက်၌ အကုသိုလ်စိတ် ၁၂-ခုအနက်၊ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု ဝိစိကိစ္ဆာ မောဟစိတ်တခု၊ပေါင်း ၅-ခုသော စိတ်တို့ကို သမုစ္ဆေဒအားဖြင့် ချုပ်စေ၍ ကျန် ဒေါသမူ-၂၊ ဝိပ္ပယုတ် လောဘ

စိတ်-၄၊ ဥဒ္ဓစ္စစိတ် ၁၊ ပေါင်း ၇-ပါးသောစိတ်တို့ကိုလည်း အလုံးစုံ ခုနစ်ဘဝ အတွင်းမှာ ချုပ်ရလေတော့၏။ ယင်းသို့ဖြစ်ရကား ထိုသောတာပတ္တိ မဂ်စိတ်တချက်သည် တချက်ခုတ် ၁၂-ချက် ပြတ်သော တရားမည်၏။

ထို သောတာပတ္တိ မဂ်စိတ် တချက်လောက် ကိုမျှ မရပါလျှင် သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော လောကီဈာန်စိပ်တို့ပင် ဖြစ်ဦးတော့ တချက်မက အချက် တရာပင် ခုတ်ဦးတော့။ ဝါ၊ ပွားဦးတော့ အကုသိုလ်စိတ် ၁၂-ခု အနက်၊ တခုသောစိတ်ကိုမျှ သမုစ္ဆေဒအားဖြင့် မပြတ်နိုင်၊ ထိုကြောင့် ထိုစိတ်တို့သည် အချက်များစွာ ခုတ်ဖြတ်သော်လည်း တချက်မျှ မပြတ်သော တရားတို့ မည်ကုန်၏။

ဤ သောတာပတ္တိမဂ်စိတ် တချက်မူကား တချက်ခုတ်ဖြင့် ၁၂-ချက်ပြတ်၏၊ ထိုကြောင့် ထိုစိတ်သည် တချက်ခုတ် ၁၂-ချက်ပြတ်သော တရားမည်၏ ဟူလို။ သိမြင်မှု အားထုတ်မှု၌ ဝန်မလေးဘဲ ကြီးမြတ်သော အကျိုးကို ရစေနိုင်သော ဤကျမ်းကို အသုံးဂရုပြုကြပါကုန်လော။ ။တချက်ခုတ် ၁၂-ချက်ပြတ် အချက်များစွာ ခုတ်သော်လည်း တချက်မျှမပြတ်သော တရားတို့ကို ပြဆိုပုံ ပြီးပြီ။

ဤ၌ သီလသမာဓိ လောက်နှင့်၊ တနည်း ပရိယတ် ပဋိပတ်လောက်နှင့် တင်းတိမ် မနေကြဘဲ သောတာ

ပတ္တိမဂ်သို့ ရောက်အောင် အားထုတ်ကြပါဟု သတိပေးလိုရင်းပင် ဟူလို။

## ကျမ်းပြု ပုဂ္ဂိုလ်၏ နိဂုံးစကား

သစ္စာဒီပကကထာ,သောတာပတ္တိမဂ္ဂကထာ,ကျမ်းပြု ပုဂ္ဂိုလ်၏ ဟောလိုရင်း ဆန္ဒမှုကား ဓမ္မစကြာအရ သစ္စာ ၄-ပါး ပါဠိ အနက်ကိုကျက်၍ သုတ ဖြစ်အောင် ပြုကြရမည်။

ထို သစ္စာ ၄-ပါးတို့၌ ယုံမှား ကင်းအောင် ကိုယ်တိုင် သိဖြစ်အောင် အဘန်ဘန်ဆင်ခြင် ရမည် ပွားများရမည်။ ထို ပွားများပုံကိုလည်း နည်းအမျိုးမျိုးတို့ဖြင့် ပြထားသည့်အတိုင်း ပွားများသဖြင့် ယုံမှားကင်းလျှင် မဟာသောတာပန် ဖြစ်နိုင်၏ဟု ပြဆိုလိုရင်းပင်တည်း။

## အစိပ္ပါယ် အထူးမှုကား

၁။ ဓမ္မစကြာသစ္စာ ၄-ပါး ပါဠိအနက်ကို ကျက်မှတ်ခြင်းသည် ပရိယတ် မည်၏။

၂။ သမုဒယကြောင့် ဒုက္ခ ဖြစ်မဖြစ်။ သမုဒယ ချုပ်က ဒုက္ခ ချုပ်မချုပ်စသည်ကို အဘန်ဘန် ဆင်ခြင် ပွားများခြင်းသည် ပဋိပတ်မည်၏။

၃။ ထို သစ္စာ ၄-ပါးတို့ကို ပွားများသဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်၍ ယုံမှား ကင်းခြင်းသည် ပဋိဝေဓသာသနာမည်၏။

ဤ ပဋိဝေဓ သာသနာသို့ ရောက်က လိုရင်းကိစ္စများ ပြီး၏ဟု စာကြည့်သူတို့အား သိစေလိုသော ဆန္ဒပင် ဟူလို။

> ဣတိ ဘဒ္ဒန္တရေဝတ နာမထေရေန ရစိတာယံ သောတာပတ္တိ မဂ္ဂကထာ နာမေ ဂန္ထော နိဋ္ဌိတော။

ဣတိ၊ ဤသည်လျှင်။ ဘဒ္ဒန္တရေဝတ နာမထေရေန၊ ဘဒ္ဒန္တရေဝတ သစ္စာဒိပက မထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ သောတာပတ္တိ မဂ္ဂကထာ နာမော၊ သောတာပတ္တိ မဂ္ဂကထာ မည်သော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၃၁၃-ခု၊တန်ခူးလဆန်း ၁၄-ရက် သော့ကြာနေ့တွင် ဤကျမ်းပြီးစီးသည်၊ဤအခါ ကျမ်းပြုပုဂ္ဂိုလ်၏ အသက်မှာ ၈၂-နှစ်မှ ၈၃-နှစ်သို့ ၎င်း တန်ခူးလဆန်း ၁၄-ရက်မှာပင် ရောက်၏ ဟူလို။

# အလှူရှင်စာရင်း


| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၁။ | ရိက္ခာတော်ရ ယစ်မျိုးဝန်ကြီး ဦးစောအေး A.T.M. ဒေါ်ဒေါ်မိနှင့် သားသမီး မြေးများ | ၁၀၀ |
| ၂။ | မဟာသရေစည်သူ ဦးချမ်းသာ ဒေါ်သစ်သစ် နှင့် သားများ ရန်ကုန် ...... ...... | ၅၀၀ |
| ၃။ | မဟာသရေစည်သူ ဦးဝင်းဖေ ဒေါ်ခင်ခင် ကြီးနှင့် သား သမီးများ ...... ...... | ၁၀၀ |
| ၄။ | ဦးမြင့်ထူး B. Sc., B.L, Bar-at-Law မင်းကတော် နှင့် သား သမီးများ ...... | ၁၀၀ |
| ၅။ | သီရိပျံချီ ဦးဘငြိမ်း B. Sc. မင်းကတော် နှင့် သမီး ...... ...... ...... | ၁၀၀ |
| ၆။ | သီရိပျံချီ ဦးသန့်တင် B.A. B.E.D. မင်း ကတော်နှင့် သမီး...... ...... ...... | ၁၀၀ |
| ၇။ | ဦးတိုး ဒေါ်စောကြည်နှင့် သားသမီးများ...... | ၁၀၀ |
| ၈။ | ဦးဘမောင် ဒေါ်တင်မြ ရိက္ခာတော်ရ ရဲဝန်ကြီး ...... ...... ...... | ၁၀၀ |
| ၉။ | ကိုရဲထွန်းလှ B.A, နှင့်မမြင့်မြင့် B.A.Hons. | ၃၀၀ |


သုဓမ္မဝတီ–၈၁၂–၇

| ဦးရေ | အလှူရှင်အမည် | အုပ်ရေ |
|---|---|---|
| ၁၀။ | ကိုရဲခေါင်ညွှန့် B.Sc.,B.L., နှင့်မခင်မြင့်ဆွေ | ၃၀၀ |
| ၁၁။ | ဦးလှကျော် ဒေါ်စိန်သွင်နှင့် သားများ မင်းဘူးမြို့ ...... ...... ...... | ၅၀ |
| ၁၂။ | ဒေါ်ရှိန်တင်နှင့် သားသမီးများ မင်းဘူးမြို့ | ၅၀ |
| ၁၃။ | ဒေါ်စိန်ဝင်နှင့် သားသမီးများ မင်းဘူးမြို့ | ၅၀ |
| ၁၄။ | ဦးစန်းမောင် ဒေါ်စိန်ခင်နှင့် သားသမီးများ ပြည်မြို့ ...... ...... ...... | ၅၀ |
| | ပေါင်း | ၂၀၀၀ |